# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၈၁)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ၁၅–၉–၂၀၂၆၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

# နိုင်ငံတော် ရှေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်။

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းရပ်ဖြစ်သည်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၄

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## သန်လျင်ရေနံချက်စက်ရုံ စီမံကိန်းအပိုင်း(၁)အား စက်ရုံလည်ပတ်မှုနည်းစဉ် တစ်ဆင့်ချင်းအလိုက် စမ်းသပ်လည်ပတ်နေ

နေပြည်တော် စက်တင်ဘာ ၁၄

သန်လျင်ရေနံချက်စက်ရုံ စီမံကိန်းအပိုင်း(၁) အား စက်ရုံလည်ပတ်မှုနည်းစဉ် တစ်ဆင့်ချင်း အလိုက် စမ်းသပ်လည်ပတ်နေမှုကို ယနေ့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ယနေ့အချိန်ကာလသည် ကမ္ဘာတစ်ဝန်းတွင် စက်မောင်းဆီအခက်အခဲများ ဖြစ်ပေါ်နေလျက်ရှိသည့်အပြင် ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စက်မောင်းဆီကို စနစ်တကျသုံးစွဲနိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ကိုယ်တိုင်ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခမဖြစ်မီက စက်မောင်းဆီများသည် ရေနံစိမ်းကုန်ကြမ်းထက်

စာမျက်နှာ ၃ သို့ ☆



သန်လျင်ရေနံချက်စက်ရုံ စီမံကိန်းအပိုင်း(၁)အား စက်ရုံလည်ပတ်မှုနည်းစဉ် တစ်ဆင့်ချင်းအလိုက် စမ်းသပ်လည်ပတ်နေမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။



## တရုတ်၊ ဗီယက်နမ်၊ အာဆီယံနှင့် အခြားဒေသများကို ချိတ်ဆက်နိုင်ရန် ရထားပို့ဆောင်ရေး လမ်းကြောင်းများကို တည်ဆောက်ပေးလျက်ရှိ

ဟန္နိုင်း စက်တင်ဘာ ၁၄

ခရီးသွားလာချိန် ပိုမိုမြန်ဆန်လာခြင်း၊ တစ်ရက်လျှင် ၂၄ နာရီ ပတ်လုံး ရထားပြေးဆွဲမှုများ လုပ်ဆောင်လာနိုင်ခြင်းနှင့် နှစ်ဖက်ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုများ ဖွံ့ဖြိုးလာခြင်းတို့က ကုန်စည်ပို့ဆောင်ရေး ဖြစ်နိုင်ခြေများကို ပိုမိုကျယ်ပြန့်စေပြီး တရုတ်၊ ဗီယက်နမ်၊ အာဆီယံနှင့် အခြားဒေသများကို ချိတ်ဆက်ပေးမည့် ရထားပို့ဆောင်ရေးလမ်းကြောင်းများကို တည်ဆောက်ပေးလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ မီးရထားကဏ္ဍက စတင်မိတ်ဆက်ခဲ့သည့် နိုင်ငံတကာ ကွန်တိန်နာရထားပို့ဆောင်ရေးလမ်းကြောင်းအသစ်များအနက် တစ်ခုဖြစ်သော တရုတ်နိုင်ငံ ချင်ဟိုင်းမှ ဗီယက်နမ်နိုင်ငံ ဒေါင်နိုင်သို့ ပြေးဆွဲသည့်လမ်းကြောင်းသည် အကောင်းဆုံး သက်သေပြချက်တစ်ခု ဖြစ်သည်။

ယင်းလမ်းကြောင်းသစ်သည် အရှည် ကီလိုမီတာ ၄၀၀၀ ခန့်ရှိပြီး တရုတ်နိုင်ငံဘက်ခြမ်းတွင် ကီလိုမီတာ ၂၂၀၀ ခန့်နှင့် ဗီယက်နမ်နိုင်ငံဘက်ခြမ်းတွင် ကီလိုမီတာ ၁၇၀၀ ကျော် ပါဝင်သည်။

နိုင်ငံတကာ ကွန်တိန်နာရထားကုန်စည်ပို့ဆောင်ရေးသည် မကြာသေးမီနှစ်များအတွင်း အားကောင်းသည့် ကြီးထွားမှုကို မှတ်တမ်းတင်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ကုန်စည်ပမာဏ တန်ချိန် ၁ ဒသမ ၁၅ သန်းအထိ ရောက်ရှိခဲ့ကာ ယခင်နှစ်ကထက် ၄၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၄ သန်း ကျော်လွန်သွားကာ ၂၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ကာ ပို့ကုန် ၂ ဒသမ ၇ ရာခိုင်နှုန်းနှင့် သွင်းကုန် ၅၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

Mon

## မန္တလေးဈေးကွက်များသို့ ရာသီစာ ကန်စွန်းဥများ စတင်ဝင်ရောက်၍ အရောင်းအဝယ်သွက်လက်

မန္တလေး စက်တင်ဘာ ၁၄

မန္တလေးမြို့ရှိ ဈေးများသို့ ရာသီစာဖြစ်သော ကန်စွန်းဥများ ဈေးကွက်အတွင်း စတင်ဝင်ရောက်လာပြီး ဒေသခံပြည်သူများ၏ ဝယ်ယူမှုများပြားသဖြင့် အရောင်းအဝယ်သွက်လက်ရှိကြောင်း သိရသည်။

ကန်စွန်းဥများကို စားသုံးသူများအနေဖြင့် ပြုတ်၍ဖြစ်စေ နှစ်သက်စွာ စားသုံးလျက်ရှိကြောင်း၊ ကန်းစွန်းဥတွင် သွေးလည်ပတ်မှုကောင်းမွန်စေခြင်း၊ ကိုယ်ခံအားစနစ်မြှင့်တင်ပေးခြင်းနှင့် မျက်စိကျန်းမာရေးကောင်းမွန်စေခြင်းစသည့် ကျန်းမာရေးအကျိုးကျေးဇူးများ ပါဝင်သည့် ရာသီစာ ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်ကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် လက်ကားဈေး တစ်ပိဿာလျှင် ၁၅၀၀ ကျပ်နှင့် လက်လီဈေး တစ်ပိဿာလျှင် ၂၀၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ကန်စွန်းဥကို သက်သက်လွတ်ဟင်းလျာအဖြစ် အာဟာရပြည့်ဝစွာသုံးဆောင်နိုင်သကဲ့သို့ မိမိနှစ်သက်ရာ အသား၊ ငါး သို့မဟုတ် ပုစွန်တို့ဖြင့် ရောနှောချက်ပြုတ်၍ လည်းကောင်း၊ စွပ်ပြုတ်အဖြစ်လည်းကောင်း စားသုံးနိုင်ကြောင်း သိရသည်။

ကန်စွန်းဥကို ပြုတ်၍ ဆီ၊ ဆားတို့ဖြင့် စားသုံးခြင်းသည် အလွယ်ကူဆုံးစားသုံးနိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်ပြီး ကလေး၊ လူကြီးမရွေး နှစ်သက်ကြသည့် သရေစာတစ်မျိုးလည်းဖြစ်ကြောင်း သိရသည်။

ရာသီချိန်အလိုက် ကန်စွန်းဥများ ဈေးကွက်အတွင်း ဝင်ရောက်လာခြင်းနှင့်အတူ ဒေသခံစားသုံးသူများအနေဖြင့် ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူစားသုံးနိုင်သဖြင့် ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်–ဇ)



၂၀၂၆ ခုနှစ် ၊ စက်တင်ဘာ ၁၅ ရက် ၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

## စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာအောင် ပံ့ပိုးပေးလျက်ရှိ

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အနေဖြင့် MSME လုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီးရရှိရေး၊ နည်းပညာရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် MSME ထုတ်ကုန်များအား ပြည်သူအများသိရှိရေး၊ လုပ်ငန်းရှင်အချင်းချင်း အသိပညာဖလှယ်နိုင်ရေး၊ နည်းပညာများ ရရှိရေးတို့ အတွက် ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်များ ကိုလည်း ကျင်းပပေးလျက်ရှိသည်။

MSME ကဏ္ဍကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေ သည့်အတွက် မိမိတို့ဝန်ကြီးဌာနရှိ စက်ရုံများနှင့်တာဝန်ရှိသူ အဆင့်ဆင့်အားလုံး ပိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်းက စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း MSME ဗဟိုဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာန/ လုပ်ငန်းတာဝန်ခံများနှင့် တွေ့ဆုံရာတွင် မှာကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ပြည်သူလူထုကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက် ပေးနိုင်ရန်၊ ရလဒ်ကို အခြေပြုသည့် စီမံခန့်ခွဲမှုဖြစ်ရန်၊ ကုန်ထုတ် လုပ် မှုလုပ်ငန်းများအား စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများ၊ စက်အရန်ပစ္စည်းများ ကြိုတင်ဝယ်ယူစုဆောင်းထား ရှိရန်၊ စက်ရုံများအနေဖြင့် ဘဏ္ဍာရေးနှစ် အလိုက် သတ်မှတ်ကုန် ထုတ်လုပ်မှု လျာထားချက်အတိုင်း ပြည့်မီကျော်လွန်အောင် ထုတ် လုပ်ရန်၊ ပစ္စည်းချင်းတူလျှင် အရည်အသွေးကောင်းမွန်ရမည်၊ အရည်အသွေးချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ထုပ်ပိုးမှုပိုမို ကောင်းမွန်ရမည်ဆိုသည့်အတိုင်း အောင်မြင်အောင် ကြိုးစား ဆောင်ရွက်ကြရန်၊ ဒေသတွင်းထုတ်လုပ်မှုကွင်းဆက်ဖြင့် ချိတ်ဆက်နိုင်ခြင်း၊ နည်းပညာနှင့် လုပ်ငန်းအတွေ့အကြုံမျှ ဝေပေးနိုင်ခြင်းနှင့် လိုအပ်ချက်များကို ကူညီဖြည့်ဆည်း ဆောင်ရွက် ပေးနိုင်ခြင်းတို့ဖြင့် ဒေသတွင်းစက်မှုလုပ်ငန်းများကိုပါ ဖွံ့ဖြိုး တိုးတက်လာအောင် ပံ့ပိုးပေးကြရန်လိုကြောင်း မှာကြားခဲ့သည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထွက်ရှိသည့် ထုတ်ကုန်များစာရင်း၊ ပြည်ပသို့တင်ပို့ရန် အသင့်ဖြစ်နေသည့် ထုတ်ကုန်၊ သွင်းကုန်အစားထိုးထုတ်ကုန်၊ စိုက်ပျိုးရေးအခြေခံ ထုတ်ကုန်စသည်ဖြင့်ခွဲခြား၍ ပြုစုထားရှိရ မည်ဖြစ်သည်။ MSME ထုတ်ကုန်များနှင့် စပ်လျဉ်း၍ တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ပြောင်းလဲလာသည့်တန်ဖိုး၊ ထုတ်လုပ်မှုကွင်း ဆက်အလိုက် ပြောင်းလဲလာသည့်တန်ဖိုးတို့ကို စနစ်တကျ တွက်ချက်ထားရ မည်ဖြစ်သည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက် ရာတွင် MSME များသည် နိုင်ငံ့စီးပွားရေး၏ အခြေခံ အင်အားစု ဖြစ်သည့်အပြင် ပြည်တွင်းအလုပ်အကိုင်ဖန်တီးမှု၊ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အသက်မွေးဝမ်းကျောင်းတိုး တက်ရေးတို့အတွက် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင် လျက်ရှိခြင်းကြောင့် နိုင်ငံတော်က MSME များ ဖွံ့ဖြိုး တိုးတက် ရေးအတွက် အားပေးကူညီပံ့ပိုးပေးလျက်ရှိကြောင်း ရေးသားလိုက် ရပေသည်။

## မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေး

**ကျောက်ဆည် စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိ ရာ ယနေ့အချိန်ထိ ငွေ( ၅၉၉၀ ဒသမ ၇၀ )ကျပ်သန်းထုတ်ချေး ပေးပြီးဖြစ်ကြောင်း သိရသည်။

မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးရာ၌ လယ်သီးနှံဖြစ်သည့် စပါး(၁) ဧကအတွက် ငွေသုံးသိန်းကျပ်၊ ယာသီးနှံများဖြစ်သည့် ပဲတီစိမ်း၊ နှမ်း၊ ချည်မျှင်ရှည်ဝါ သီးနှံများအတွက် (၁)ဧကအတွက် ငွေနှစ်သိန်းငါးသောင်းကျပ်နှုန်းဖြင့် ကျေးရွာအုပ်စု ၇၄ အုပ်စုမှ တောင်သူ ၄၄၂၇ ဦးတို့၏ စပါးသီးနှံ ၁၇၅၁၄ ဧက၊ ပဲတီစိမ်းသီးနှံ ၂၈၂၆ ဧက၊ နှမ်းသီးနှံ ၁၁ ဧက၊ ချည်မျှင်ရှည်ဝါသီးနှံ ၁၀၉ ဧက ထုတ်ချေးပေးပြီးဖြစ်ကြောင်းနှင့် ကျောက်ဆည်မြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၇၆၄၇ ဒသမ ၁၀ ကျပ်သန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ထက်ထက်(ကျောက်ဆည်)**

၀-၀-၀-၀-၀

## မန္တလေးခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျန်းမာရေးမှူး (၄) သင်တန်းဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၁၄**

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီးပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ မန္တလေးခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျင်းပပြုလုပ်သော ကျန်းမာရေးမှူး(၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့၊ မဟာအောင်မြေမြို့ နယ်ရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာမြင့်မိုရ်ရိုးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာမြင့်မိုရ်ရိုး၊ ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ က စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့သည်။ အဆိုပါ သင်တန်း ကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၆ လကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**အလင်းသစ်(ချမ်း/စည်ပြန်/ဆက်)**

၀-၀-၀-၀-၀

## မဟာအောင်မြေမြို့နယ်၌ ရေစီးရေလာကောင်းမွန်စေရန် စက်ယန္တယားများဖြင့် ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်အတွင်း ပိတ်ဆို့နေသည့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် စက်ယန္တယားများဖြင့် ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထို့သို့ ဆောင်ရွက်ရာတွင် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ သန့်ရှင်းရေးဌာနစုမှူး ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများ ကြီးကြပ်၍ လုပ်သားများဖြင့် ပိတ်ဆို့နေသည့် ရေမြောင်းများ ရေစီး ရေကောင်းမွန်စေရန်၊ စက်ယန္တယားများဖြင့် ဆောင်ရွက်ပေးခဲ့ပြီး စိန်ပန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစန်းလှိုင်နှင့် ရာအိမ်မှူးများက လိုအပ်သည်များ ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောင်ဇော်မင်း)**



## ဝါစေ့ဆီကြိမ်းမှ အဆင့်မြင့်စားသုံးဆီသန့်အဖြစ်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဌာနဆိုင်ရာများ၊ ဆီစက်ပိုင်ရှင်များနှင့် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်း ဝါစေ့ဆီကြိမ်းမှ အဆင့်မြင့် စားသုံးဆီသန့် အဖြစ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး သက်ဆိုင်ရာဌာန တာဝန်ရှိသူများ၊ ဆီစက်ပိုင်ရှင်များနှင့် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး ပွဲကို ယနေ့မွန်းလွဲပိုင်းက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး



ဦးစီးဌာနခွဲ(မန္တလေးရုံး)၌ ကျင်းပသည်။

ဆွေးနွေးပွဲ၌ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနီနီအေး၊ ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ဖြိုး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနေလင်း တို့က ဝါစေ့ဆီကြိမ်းမှ အဆင့်မြင့်စားသုံးဆီသန့်အဖြစ် ထုတ်လုပ်ဖြန့် ဖြူးနိုင်ရေး၊ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ် ချက်များနှင့်အညီထုတ်လုပ်ဖြန့်ဖြူးရေး ဆိုင်ရာကိစ္စရပ်များကို အသီးသီးရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီစက် ပိုင်ရှင်များအသင်းနှင့်ဝါစေ့ကြိတ်ခွဲစက်ပိုင်ရှင်များတက်ရောက်ခဲ့ကြပြီး ဝါစေ့ဆီကြိမ်းမှ အရည်အသွေးကောင်းမွန်၍ ဘေးကင်းလုံခြုံသော အဆင့်မြင့်စားသုံးဆီသန့်အဖြစ်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် လိုအပ် သည့်ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင် လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန် အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၁၄


ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ဂျပန်နိုင်ငံ အောက်လွှတ်တော် အမတ် Honorable Mr. TAKEI Shunsuke ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့ လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နှစ်နိုင်ငံသည် ၁၉၅၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ စတင်၍ သံတမန် ဆက်သွယ်မှုရှိခဲ့ပြီး အစဉ်အလာ ကောင်းမွန်ကာ ချစ်ကြည်ရင်းနှီးမှု ခိုင်မာခဲ့သော မိတ်ဆွေနိုင်ငံများလည်း ဖြစ်ကြပါကြောင်း၊ ထို့အပြင် မိမိတို့နှစ်နိုင်ငံသည် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အပြင် ပြည်သူအချင်းချင်းလည်း ရင်းနှီးကျွမ်းဝင်မှု ရှိခဲ့ကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၂၅ ခုနှစ်၌ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပခဲ့ပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေး မဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် များ ပေါ်ပေါက်လာပါကြောင်း၊ မိမိတို့နိုင်ငံ၏ လွှတ်တော်စနစ် သည် ဂျပန်နိုင်ငံလွှတ်တော်စနစ် ကဲ့သို့ပင် လွှတ်တော်နှစ်ရပ်ရှိပါ ကြောင်း၊ မိမိတို့လွှတ်တော် အနေဖြင့် လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်း၍ အခြားနိုင်ငံများနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဂျပန်အောက် လွှတ်တော်နှင့်လည်း ချစ်ကြည် ရင်းနှီးစွာ ဆက်ဆံနိုင်ရေးအတွက် မိမိတို့လွှတ်တော်တွင် မြန်မာ-ဂျပန်လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း၊ အဆွေတော်ယခု ကဲ့သို့ လာရောက်ခြင်းသည် မိမိတို့ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်း ဆောင်ရွက်ရန်အတွက် ပထမခြေလှမ်းပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နှစ်နိုင်ငံ ဆက်ဆံ ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တို့အတွက် လွှတ်တော်ကဏ္ဍမှ စတင် ဆောင်ရွက်၍ရပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား လွှတ်တော် အချင်းချင်း ထိတွေ့ဆက်ဆံရေး၊ လွှတ်တော်ကော်မတီချင်း ဆက်ဆံ ရေး၊ လူငယ်၊ အမျိုးသမီးနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက် သွားလိုပါကြောင်း၊ ချစ်ကြည်ရင်းနှီးမှုများဖြင့် ကာလ ကြာရှည်စွာ ဆက်ဆံရေးကောင်း မွန်သည့် မိမိတို့နှစ်နိုင်ငံအတွက် ဆက်ဆံရေး ပြန်လည်တိုးမြှင့်ရန် ဆောင်ရွက်မှုများသည် အခက် အခဲရှိလိမ့်မည်မဟုတ်ဟု ယုံကြည် ပါကြောင်း ပြောကြားသည်။


ထို့နောက် ဂျပန်နိုင်ငံ အောက်လွှတ်တော် အမတ် Honorable Mr. TAKEI Shunsuke က မိမိတို့နှစ်နိုင်ငံ လွှတ်တော် နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်နိုင်ရေး အတွက် ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် အခါတွင် အေးချမ်းသာယာသော အခြေ အနေများကို တွေ့မြင်ရပြီး ပြင်ပတွင်ဖြစ်ပေါ်နေသော သတင်း များနှင့် ကွာခြားလျက်ရှိပါ ကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်နိုင်ရေး အဓိက ကျသည့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် မြန်မာနိုင်ငံ ၏သာယာလှပသော သဘာဝနှင့် ယဉ်ကျေးမှုများ လေ့လာနိုင်ရန် အတွက် ခရီးသွားလုပ်ငန်းများ ကိုလည်း ပြန်လည်စတင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံတွင် လာရောက်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံမှ လုပ်သားဦးရေ တစ်သိန်းကျော်ရှိပြီး ကြိုးစား အားထုတ်မှုနှင့် ကောင်းမွန်သော အပြုအမူများကြောင့် နာမည် ကောင်းများ ရရှိထားပါကြောင်း၊ ဂျပန်နိုင်ငံ အနေဖြင့်လည်း Specified Skilled Worker (SSW) ကျွမ်းကျင်သည့်လုပ်သား စနစ်သစ်ဖြင့် အလုပ်သမားများ ခေါ်ယူရေး ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ မိမိယခုလာရောက်သည့် ခရီးစဉ် ရည်ရွယ်ချက်မှာလည်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရေး၊ လူ့စွမ်းအား အရင်းအမြစ်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပြည်သူချင်း ထိတွေ့ဆက်ဆံမှု ပြန်လည် ခိုင်မာလာစေရေးတို့ အတွက် လာရောက်ခြင်းဖြစ်ပါ ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ဆက် သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံ နည်းပညာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်နှင့် ပြည်သူ့ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်




၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်အတွင်း လအလိုက် ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှု နှိုင်းယှဉ်ချက်




၂၀၁၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်အတွင်း တစ်လပျမ်းမျှ ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှု နှိုင်းယှဉ်ချက်

☆ ရှေ့ဖုံးမှ

၃၀ ရာခိုင်နှုန်းခန့်သာ ပိုမိုသော်လည်း ယခုအချိန်တွင် နှစ်ဆခွဲခန့်အထိ မြင့်တက်နေသည့်အတွက် ရေနံချက်စက်ရုံများ လျင်မြန်စွာပေါ်ထွက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခု လည်ပတ်မည့်စက်ရုံသည် ထိန်းချုပ်မောင်းနှင်မှု၊ စောင့်ကြည့်မှု၊ ချိန်ညှိမှုများကို Control Room အတွင်းမှ ဆောင်ရွက်နိုင်သည့် ပထမဆုံးသော ရေနံချက်စက်ရုံဖြစ်သည်နှင့်အညီ ဝန်ထမ်းများအား စနစ်တကျ လေ့ကျင့်သင်ကြားပေးထားရန် လိုအပ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် သာကေတနှင့် အလုံ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ကြည့်ရှုစစ်ဆေးပြီး သဘာဝဓာတ်ငွေ့များသည် တန်ဖိုးကြီးမားသဖြင့် အကျိုးရှိထိရောက်စွာ အသုံးပြုရန် လိုအပ်ကြောင်း၊ စက်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ခြင်းဖြင့် သဘာဝဓာတ်ငွေ့သုံးစွဲမှု အနည်းဆုံး ၃၀ ရာခိုင်နှုန်း သက်သာသွားမည်ဖြစ်ရာ စက်များအား ပြန်လည်ပြင်ဆင်ခြင်း၊ စွမ်းဆောင်ရည်မြင့်မားသည့် စက်များဖြင့် အစားထိုးအသုံးပြုသွားနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေကြသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် အနှောင့်အယှက်အခက်အခဲများ ရှိနေသော်လည်း ဝန်ထမ်းများအားလုံး စုစည်းညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နေကြပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်အထိ နှစ်စဉ်တစ်လချင်း ပျမ်းမျှဓာတ်အား ဖြန့်ဖြူးနိုင်မှုကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ယခုနှစ်သည် အများဆုံးဖြစ်ပြီး တစ်လပျမ်းမျှ ယူနစ် ၁၉၇၈ သန်းဖြန့်ဖြူးနေပါကြောင်း၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းများ ဖျက်ဆီးခံခဲ့ရခြင်းမရှိပါက တစ်လ ပျမ်းမျှ ယူနစ် ၂၂၄၀ သန်း အထိ ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တစ်လ ပျမ်းမျှ ဖြန့်ဖြူးနိုင်မှု ၂၂ ရာခိုင်နှုန်း တိုးတက်လာပါကြောင်း၊ ယခုကဲ့သို့ တိုးတက်လာမှုသည် ဓာတ်အားတိုးမြှင့် ထုတ်လုပ်ပေးနိုင်မှုအပြင် ဓာတ်အားခိုးယူသုံးစွဲမှုများကို ဖော်ထုတ် အရေးယူနိုင်ခြင်းသည်လည်း အဓိကပါဝင်ပါကြောင်း၊ ပြည်သူများ အားကိုးအားထားပြုရပြီး နိုင်ငံတော် စီးပွားဖွံ့ဖြိုးမှုအတွက် အားကိုးအားထားပြုရသည့် လျှပ်စစ်ဓာတ်အားပေးစနစ် ဖြစ်ပေါ်လာစေရေး အတွက် ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ဝန်ထမ်းများအားလုံးသည် စေတနာအရင်းခံ၍ ဝန်ဆောင်မှုပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီတာများ တိုးမြှင့်တပ်ဆင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေသည့် အစီအမံများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၅၆ / ၂၀၂၆ )

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် )

### တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၇ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃၂/၂၀၂၆ )တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ကြည်း ၃၃၄၆၆ | အစား | ကြည်း ၃၅၄၂၈ |
| | ဗိုလ်မှူးချုပ် ဉာဏ်သိန်းဦး | | ဗိုလ်မှူးကြီး သူရိန်ဟန် |
| ( ခ ) | ကြည်း ၂၀၆၈၃ | အစား | ကြည်း ၂၇၂၁၃ |
| | ဗိုလ်မှူးကြီး အောင်ကျော်ဦး | | ဗိုလ်မှူးကြီး စိုးထွန်း |
| ( ဂ ) | ကြည်း ၂၃၃၅၃ | အစား | ကြည်း ၂၈၂၇၄ |
| | ဗိုလ်မှူးကြီး ဝင်းကိုကို | | ဗိုလ်မှူးကြီး သိန်းလွင် |
| (ဃ) | ကြည်း ၂၃၆၇၆ | အစား | အင်န် ၆၅၉ |
| | ဗိုလ်မှူးကြီး ဒေါ်စိုးမိုးခိုင် | | ဒုတိယဗိုလ်မှူးကြီးဒေါ်ဥမ္မာမြင့် |
| ( င ) | ကြည်း ၂၃၆၇၅ | အစား | အင်န် ၈၃၁ |
| | ဒုတိယဗိုလ်မှူးကြီး ဒေါ်ခင်ဥမ္မာကြိုင် | | ဗိုလ်မှူး ဒေါ်အေးအေးမွန် |
| ( စ ) | ကြည်း ၂၅၅၁၅ | အစား | အင်န် ၈၂၄ |
| | ဒုတိယဗိုလ်မှူးကြီး ဒေါ်နိုင်နိုင်စု | | ဗိုလ်မှူး ဒေါ်အေးသက်သက်ခိုင် |
| (ဆ) | အင်န် ၆၃၇ | အစား | အင်န် ၇၀၇ |
| | ဗိုလ်မှူး ဒေါ်ခင်သူဇာ | | ဗိုလ်မှူး ဒေါ်သီတာလွင် |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှု အမှတ်(၂/ ၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်)ချမှတ်

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့ နံနက် ၁၀ နာရီအချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ်(၂) စုံညီခုံရုံး၌ ရုံးထိုင်၍ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၂/၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်) ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အသက်(၂၅)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တမူး စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဖလား ရပ်ကွက်၊ ကျေးရွာအလိုက် အသက်(၂၅)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ ဆက်လက်၍ ဖွင့်ပွဲ ပွဲစဉ်အနေဖြင့် စန္ဒကူး ရပ်ကွက်အသင်းနှင့် မြို့မရပ်ကွက်(ဂ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စန္ဒကူးရပ်ကွက်အသင်းမှ ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင် ရပ်ကွက်၊ ကျေးရွာများမှ ပြိုင်ပွဲဝင်ကိုးသင်းဖြင့် စက်တင်ဘာ ၁၂ ရက်မှ အောက်တိုဘာ ၂ ရက် အထိ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၅၇ / ၂၀၂၆ )

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် )

### တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၈ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် ( ၃၃/၂၀၂၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ကြည်း ၂၀၈၃၄ | အစား | ကြည်း ၂၅၀၆၅ |
| | ဗိုလ်မှူးချုပ် ဝင်းကိုကို | | ဗိုလ်မှူးချုပ် ခင်မောင်စိုး |
| ( ခ ) | လေ ၁၉၆၂ | အစား | လေ ၂၂၁၄ |
| | ဗိုလ်မှူးချုပ် မြင့်သောင်း | | ဗိုလ်မှူးချုပ် ဇော်ဇော်ထွန်း |
| ( ဂ ) | ကြည်း ၃၄၇၁၁ | အစား | ကြည်း ၅၅၃၉၈ |
| | ဗိုလ်မှူး တင့်လွင်အေး | | ဗိုလ်မှူး ဇင်ကိုဝင်း |
| (ဃ) | ကြည်း ၃၆၅၁၈ | အစား | ကြည်း ၂၈၆၅၄ |
| | ဗိုလ်မှူး ဧယျာဝင်း | | ဗိုလ်မှူး ဇော်မင်းသိန်း |
| ( င ) | ကြည်း ၅၂၇၈၉ | အစား | ကြည်း ၅၄၉၃၅ |
| | ဗိုလ်မှူး ကျော်ဇင်ဝင်း | | ဗိုလ်မှူး နိုင်ဝင်း |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၅၈ / ၂၀၂၆ )

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် )

### တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် ( ၃၅/၂၀၂၆ )တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါတပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်သို့မဟုတ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သုံးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (က) | **ကချင်ပြည်နယ်လွှတ်တော်** | | |
| | ကြည်း ၅၁၄၃၃ | အစား | ကြည်း ၃၃၉၁၄ |
| | ဗိုလ်ကြီး ရန်အောင်ခိုင် | | ဗိုလ်ကြီး တင်ကိုကို |
| ( ခ ) | **ကယားပြည်နယ်လွှတ်တော်** | | |
| | ကြည်း ၂၅၇၉၀ | အစား | ကြည်း ၃၀၂၁၆ |
| | ဗိုလ်မှူးကြီး အောင်ကျော်မြင့် | | ဗိုလ်မှူးကြီး ဇင်မင်းထွဋ် |
| ( ဂ ) | **ချင်းပြည်နယ်လွှတ်တော်** | | |
| | ကြည်း ၃၅၄၁၉ | အစား | ကြည်း ၄၇၅၀၈ |
| | ဗိုလ်မှူး အာကာကျော်မိုး | | ဗိုလ်မှူး ရန်အောင်ဖြိုး |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်





PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။



နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာမှုအား တွေ့ရစဉ်။

○ စာမျက်နှာ ၂၄ မှ

လွတ်လပ်စွာ နေထိုင်လုပ်ကိုင်ခွင့်ရရှိအောင် သက်ဆိုင်ရာတာဝန်ရှိသူများက စီမံဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည် သဘောပေါက်လာခြင်းတို့ကြောင့် PDF အမည်ခံ အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်လျက်ရှိကြသည်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တွေ့ရစဉ်။




ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံလက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက စနစ်တကျ ကြိုဆိုလက်ခံစဉ်။

ထိုသို့ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် သဘောထားအမှန်ကို သဘောပေါက်နားလည်ပြီး ၂၀၂၁ ခုနှစ်မှစ၍ ယနေ့အထိ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာမှု အနေဖြင့် နေပြည်တော် တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၂၅ ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၂၆ ဦး၊ လက်နက်မျိုးစုံ ၂၂ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၃၄ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၃၇ ဦး၊ လက်နက်မျိုးစုံ ၄၄ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၆၉၀၊ အမျိုးသမီး ၂၀၄ ဦး စုစုပေါင်း ၈၉၄ ဦး၊ လက်နက်မျိုးစုံ ၁၁ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၂၉၆ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၃၂၅ ဦး၊ လက်နက်မျိုးစုံ အလက် ၉၀ နှင့်ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား နှစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း လေးဦး၊ လက်နက်ငယ် တစ်လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၃ ဦး၊ လက်နက်မျိုးစုံ ၁၁ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၄၉ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၅၄ ဦး၊ လက်နက်မျိုးစုံ ၄၈ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၆၉ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၈၀၊ လက်နက်မျိုးစုံ ၂၇ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၇၀၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၁၉၈ ဦး၊ လက်နက်ငယ် တစ်လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အနောက်တောင် တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၄၇ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၅၂ ဦး၊ လက်နက်မျိုးစုံ ၃၅ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် အမျိုးသား ၁၂ ဦး၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၅၃၂ ဦး၊ အမျိုးသမီး ၄၈ ဦး စုစုပေါင်း ၅၈၀၊ လက်နက်မျိုးစုံ ၁၃၃ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၂၆၄၅ ဦး၊ အမျိုးသမီး ၂၈၁ ဦး စုစုပေါင်း ၂၉၂၆ ဦး၊ လက်နက်မျိုးစုံ ၂၂၉ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၅၂ ဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၁၇၁ ဦး၊ လက်နက်မျိုးစုံ အလက် ၆၀ နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း ဝင်ရောက်လာခဲ့ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှု အနေဖြင့် အမျိုးသား ၅၀၃၆ ဦးနှင့် အမျိုးသမီး ၆၃၆ ဦး စုစုပေါင်း ၅၆၇၂ ဦးဖြစ်ပြီး လက်နက်မျိုးစုံ ၆၉၂ လက်ဖြစ်ကြောင်း သိရသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် CRPH၊ NUG အကြမ်းဖက်အဖွဲ့များ၏ ၎င်းတို့ ကိုယ်တိုင်ဖန်တီးခဲ့သော နိုင်ငံရေးဖြစ်စဉ်ကို အသုံးချ၍ ယုတ်မာစွာဖြင့် နည်းလမ်းမျိုးစုံ အသုံးပြုကာ သွေးဆောင်စည်းရုံးမှု၊ ငွေကြေးဆိုင်ရာမက်လုံးပေးမှုများနှင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် PDF အကြမ်းဖက်အဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့တို့ထံ ဝင်ရောက်ခဲ့ရပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ နိုင်ငံရေးကို ကြွေးကြော်၍

စာမျက်နှာ ၆ သို့ ○



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တွေ့ရစဉ်။

○ စာမျက်နှာ ၅ မှ

လက်နက် ကိုင်ဆောင်ခဲ့သော်လည်း ကိုယ်တိုင်အကြမ်းဖက်သမားဘဝကိုရောက်ရှိနေကြောင်း သိမြင်လာခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်း မရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍

စာမျက်နှာ ၇ သို့ »»



ဥပဒေဘောင် အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည် ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းစဉ်။

















ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက စနစ်တကျကြိုဆိုလက်ခံစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၁၄**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အင်းမမြို့ရှိ နယ်မြေခံတပ်၌ ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရာရှိစစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း၊ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြောင်း သိရသည်။

သတင်းစဉ်



»»» စာမျက်နှာ ၆ မှ

လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့် လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်လိုသည့် ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့ကြရန်နှင့် ထိုသို့ဆက်သွယ် သတင်းပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်ချီးမြှင့်လျက်ရှိသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



ကျွန်တော်ကတော့ PDF ထဲကို ၂၀၂၄ခုနှစ် ၁၂ လပိုင်းလောက်မှာ စတင် ဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော် PDF ထဲရောက်ရောက်ချင်း အခြေခံသင်တန်း လေးလနဲ့ အထူးကွန်မန်ဒိုသင်တန်း လေးလကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီးတဲ့ နောက်ပိုင်းမှာ တပ်စိတ်မှူးဖြစ်ခဲ့ပါတယ်။ တပ်စိတ်မှူးအဖြစ်နဲ့ KNU တပ်မဟာနဲ့ပူးပေါင်းပြီး နေထိုင်ရပါတယ်။ ကျွန်တော်တို့နေထိုင်တဲ့နေရာကတော့ ပုလောနယ် တစ်ခွင်မှာ လှုပ်ရှား သွားလာရပါတယ်။ သူတို့တွေက ကျွန်တော်တို့ PDF တွေကို ခွဲခြားဆက်ဆံပါတယ်။ အလုပ်ကြမ်းတွေ လုပ်ခိုင်းတယ်။ နှိမ်တယ်။ အသက်အန္တရာယ်ရှိတဲ့ အလုပ်တွေကို ကျွန်တော်တို့တွေက လုပ်ခဲ့ရပါတယ်။ စစ်တိုက်တဲ့ နေရာမှာဆိုရင်လည်း ကျွန်တော်တို့ PDF တွေ ကပဲ အဓိက လုပ်ကိုင်ရပါတယ်။ သူတို့တွေက စကားပြောစက်တွေနဲ့ အမိန့်ပေးပြီး အနောက်မှာ နေတာ များပါတယ်။ တချို့ဆိုရင် ဂိတ်ကြေးတွေ ကောက်တယ်။ ဆက်ကြေးတွေ ကောက်တယ်။ တချို့တွေဆိုရင်လည်း ထိုင်းထဲမှာ ကိုယ်ပိုင်အိမ်တွေတောင် ဝယ်ထားကြပါတယ်။ တချို့ခေါင်းဆောင်တွေကတော့ စီးပွားရေးသမားတွေ များလာတာကို သိရှိလာရပါတယ်။ ကျွန်တော်တို့တွေကတော့ တောထဲမှာ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနဲ့ ဒုက္ခခံပြီးတော့ နေရတာများပါတယ်။ ဘယ်နေ့သေမလဲဆိုပြီး တွေးပြီးတော့နေရတာ များပါတယ်။ အမြဲတမ်း ကြောက်လန့်တဲ့ စိတ်တွေနဲ့ နေရတာလည်းများပါတယ်။ ကျွန်တော် ထွက်ပြေးဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။ အခုမှပဲ လွတ်မြောက်လာခြင်း ဖြစ်ပါတယ်။ ကျွန်တော်အခွင့်အရေးသာတဲ့အချိန်မှာ တပ်ခွဲမှူးရဲ့သေနတ်ကို ခိုးယူပြီးတော့ တပ်မတော်ဘက်ကို အလင်းဝင်လိုက်ပါတယ်။ အခုလိုအလင်းဝင်လိုက်ပြီး နောက်ပိုင်းမှာ ကျွန်တော် ကောင်းကောင်းမွန်မွန် နေထိုင်ရတယ်။ ကောင်းကောင်းမွန်မွန် စားသောက်ရတယ်။ လူငယ်တစ်ယောက်ရဲ့ ဘဝပျော်ရွှင်မှု ခံစားခွင့်တွေကိုလည်း ပြန်လည်ရရှိပါတယ်။ အဲဒီအတွက် ကျွန်တော်နိုင်ငံတော်နဲ့ တပ်မတော်အပေါ် အထူးကျေးဇူးတင်ပါတယ်။ တောထဲမှာ ကျန်ရစ်ခဲ့တဲ့ ညီအစ်ကိုမောင်နှမ၊ အပေါင်းအသင်းPDF တွေကိုလည်း အမြန်ဆုံးအလင်းဝင်ပြီး မှန်ကန်တဲ့လမ်းကို ရွေးချယ်ပါလို့ ကျွန်တော်ပြောချင်ပါတယ်။



မြင်းခြံ BLACK TIGER မှာ တာဝန် ထမ်းဆောင်ပါတယ်။ ဖောက်ခွဲရေး ခေါင်းဆောင်ပါ။ ဒီတော်လှန်ရေး စလုပ်ခဲ့တာကတော့ ၁၄ နှစ်ကနေ စလုပ်ခဲ့တာပါ။ ပြောရရင် ၂၀၂၂ ခုနှစ်ကနေ စလုပ်ခဲ့တာပါ။ ရောက်ရောက်ချင်းမှာ သင်တန်းဆင်းရပါတယ်။ သင်တန်းဆင်းပြီးတော့ရှေ့တန်းကို တန်းသွားရပါတယ်။ ရှေ့တန်းမှာ မြင်းခြံမြောက်ဘက်မှာ မိုင်းခေါင်းဆောင်အနေနဲ့ နေခဲ့ပါတယ်။ တိုက်ပွဲပေါင်းစုံ တိုက်ခဲ့ရပါတယ်။ နေရာပေါင်းစုံလည်း သွားခဲ့ရပါတယ်။ နေရာပေါင်းစုံသွားခဲ့ပြီးတဲ့ နောက်ပိုင်းမှာ အထက်ဖား အောက်ဖိ များခဲ့ပါတယ်။ ခေါင်းဆောင်တွေ တော်တော်များများကတော့ ဆေးခြောက်၊ WY ဆေးချပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မလုပ်ခဲ့ပါဘူး။ တော်တော်များများ အကုန်လုံးက မူးယစ်ဆေးဝါးတွေ သုံးစွဲပါတယ်။ ပြောရရင် ရဲဘော်တွေပဲ အောက်မှာ နေပြီးတော့ ဘာမှမရဘဲနဲ့ လုပ်ကိုင်နေရပါတယ်။ တပ်မတော်က တိုက်ခိုက်မှုလာပြီဆိုလည်း သူတို့ကားတွေမောင်းပြီး သူတို့ခေါင်းဆောင်တွေက ပြေးပါတယ်။ ရဲဘော်တွေ သေသေကျေကျေ ထားခဲ့ပါတယ်။ သူတို့လက်နက်တွေ အကုန်လုံးယူပြီးတော့ ပြေးပါတယ်။ ကျွန်တော် ဒီထဲကို အလင်းဝင်လာတာက သူတို့ ယုတ်မာရိုင်းစိုင်း နှိပ်စက်တာတွေကြောင့် အလင်းဝင်လာတာ ဖြစ်ပါတယ်။ ကျွန်တော်ဒီလို အလင်းဝင်လာတဲ့ အချိန်မှာ တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ သူတို့ပြောတဲ့ အတိုင်း သတ်မယ်၊ ဖြတ်မယ်၊ သူတို့ဘက်က ပြောတဲ့အတိုင်း မဟုတ်ပါဘူး။ နောက်လာမယ့် ညီအစ်ကိုတွေလည်း၊ ညီလေးတွေ၊ မောင်နှမတွေ အကုန်လုံးလည်း လာခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်။



ကျွန်မ အကြမ်းဖက်အဖွဲ့ အစည်းထဲကို စဝင်ခါစက ကျွန်မအသက်က ၁၅ နှစ်ပဲ ရှိပါသေးတယ်။ အကြမ်းဖက်အဖွဲ့အစည်း ထဲကိုဝင်သွားတဲ့ အကြောင်းရင်းကတော့ အကြမ်းဖက်အဖွဲ့အစည်းက ကျွန်မတို့ရွာကိုလာပြီးတော့ စည်းရုံးရေးဆင်းတယ်။ ဟောပြောပွဲတွေလုပ်တယ်။ တစ်အိမ်တစ်ယောက်မဝင်မနေရတဲ့ ပုံစံမျိုးတွေနဲ့ကောက်ခံတယ်။ သူတို့က တစ်အိမ်တစ်ယောက် မလိုက်ရင် မိသားစုတွေကို ဒုက္ခပေးမယ်။ အဖေ၊ အမေတွေကို သတ်ပစ်မယ် ဘာညာနဲ့ပြောတော့ ကျွန်မတို့လည်း ကြောက်ပြီးတော့ အဲဒီထဲကိုဝင်သွားတာ ဖြစ်ပါတယ်။ အကြမ်းဖက် အဖွဲ့အစည်းထဲကို ရောက်တော့ကျွန်မတို့စစ်သင်တန်း သုံးလတက်ရတယ်။ စစ်သင်တန်း သုံးလမှာဆိုရင်လည်း ဆေးဝါး လုံလောက်မှုမရှိဘူး။ အဲဒါကြောင့် မို့လို့ တချို့လူတွေ အဲဒီဒဏ်ကို မခံနိုင်လို့ ထွက်ပြေးတဲ့သူတွေလည်းရှိတယ်။ ထွက်ပြေးလို့ မိရင်လည်းသူတို့ကသတ်ပစ်တယ်။ ရိုက်နှက်တယ်။ နှိပ်စက်တယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့လည်း ကြောက်ပြီးတော့ စစ်သင်တန်းကို ပြီးဆုံးအောင် တက်ခဲ့တယ်။ စစ်သင်တန်းပြီးတော့ ကျွန်မတို့တွေ ပြည်သူ့ဆက်ဆံရေးမှာ တာဝန်ကျတယ်။ ပြည်သူ့ဆက်ဆံရေး ကားလမ်းမကြီးမှာ ဂိတ်ကင်းစောင့်ရတယ်။ အခွန်ကောက်ခံတဲ့ပုံစံမျိုးနဲ့ သူတို့က ဆက်ကြေးတွေ ကောက်ခံတယ်။ ဆီပီပါတွေဆိုရင်လည်း ထက်ဝက်စျေးတွေနဲ့ကောက်ခံတယ်။ ဆီပီပါ ထက်ဝက်စျေးနဲ့ ကောက်ခံလို့ တချို့ပြည်သူတွေဆို မပေးနိုင်ဘူး။ မပေးနိုင်တဲ့ ပြည်သူတွေဆိုရင် ဆီပီပါတွေဆွဲချတာတွေရှိတယ်။ ပစ္စည်းတွေ ဆွဲယူတာတွေရှိတယ်။ အဲဒါကြောင့်မို့ တချို့ပြည်သူတွေဆိုရင်လည်း သံသယအနေနဲ့ခေါ်တယ်။ ခေါ်ပြီးတော့ သူတို့တွေက နှိပ်စက်တယ်။ ရိုက်နှက်တယ်။ လက်သည်း၊ ခြေသည်းခွံတွေကို ခွာတယ်။ ခေါင်းတွေကို ရေနွေးပူတွေနဲ့ လောင်းတယ်။ သူတို့ပြောတာက ပြည်သူသာအမိ ပြည်သူသာအဖဆိုပြီး သူတို့လုပ်နေတာတွေနဲ့ သူတို့ ပြောနေတာတွေက လက်တွေ့မှာ တခြားစီပဲ။ ကျွန်မတို့ ရဲဘော်တွေဆိုရင်လည်း တန်းတူဆိုပြီး သူတို့အရာရှိတွေကျတော့ KTV သွားတယ်။ မကောင်းတဲ့ မိန်းမတွေနဲ့ပျော်ပါးတယ်။ သောက်စားတယ်။ K ရှူတယ်။ ရာမတွေသုံးတယ်။ သူတို့တစ်ညတစ်ည သွားပြီဆို ရာချီထောင်ချီကုန်တယ်။ ရဲဘော်တွေဆိုရင်လည်း မိန်းကလေးတွေကို အဓမ္မပြုကျင့်တယ်။ ကျွန်မကိုယ်တွေ့ပေါ့ သင်တန်းသူ ကောင်မလေးကို ညကြီး အချိန်မတော် စကားပြောချင်တယ်ဆိုပြီး ခေါ်ပြီးတော့ ကောင်မလေးကို အဓမ္မပြုကျင့်တယ်။ ကောင်မလေးကိုလည်း ဘာတာဝန်မှ မယူဘဲနဲ့ ကောင်မလေးကိုကျ နယ်ကို ပြန်ပို့တယ်။ ကောင်လေးကိုကျတော့လည်း ဘာပြစ်မှုပြစ်ဒဏ်မှမပေးဘဲနဲ့ ဒီအတိုင်းထားတယ်။ အဲဒါကြောင့်မို့ အဲဒီထဲမှာ နေရတာ ကျွန်မတို့ကိုယ်တိုင် မလုံခြုံဘူးလို့ ထင်တယ်။ ကျွန်မတို့လည်း ကျွန်မတို့ဘဝကို ဒီထဲမှာနေပြီး အဆုံးရှုံးမခံနိုင်လို့ ထွက်ပြေးခဲ့တယ်။ ထွက်ပြေးပြီးတော့ ကျွန်မ အလင်းဝင်ဖို့ ကြိုးစားတယ်။ သူတို့က ကျွန်မတို့ကို နားရိုက်သွင်းခဲ့တယ်။ နင်တို့အဲဒီ တပ်မတော်ဘက်ကို အလင်းဝင်ရင် နင်တို့တွေ မိန်းကလေးတွေဆိုရင်လည်း အဓမ္မပြုကျင့်မှာ၊ ယောက်ျားလေးတွေဆိုရင်လည်း အသက် ၁၈ နှစ်ပြည့်ရင် စစ်မှုထမ်းခေါ်မှာ ဘာညာနဲ့ ကျွန်မတို့ကိုပြောတော့ ကြောက်တော့ ရှေ့မှာအလင်းဝင်တဲ့ သူငယ်ချင်းကိုမေးတယ်။ သူငယ်ချင်း အားလုံး အဆင်ပြေလား။ သူငယ်ချင်းက အဆင်ပြေတယ်။ ဘာမှ စိတ်မပူနဲ့ တပ်မတော်ဘက်ကလည်း နင်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုနေတယ်။ ကျွန်မတို့လည်း ဒီကရှိတဲ့ တာဝန်ရှိတဲ့ ဗိုလ်ကြီးတွေနဲ့ ဆက်သွယ်ပြီးတော့မှ ဒီမှာ အလင်းဝင်ခဲ့တယ်။ ကျွန်မတို့ ဒီကိုရောက်တော့လည်း အားလုံး နွေးနွေးထွေးထွေး ကြိုဆိုတယ်။ ကျွန်မတို့ကိုလည်း အစစအရာရာ လုပ်ပေးတယ်။ သူတို့နေသလို နေရတယ်၊ သူတို့စားသလို စားရတယ်၊ ကျွန်မတို့ အမှောင်ထဲကနေ အလင်းကို ပြန်ဝင်လာတာ ကျွန်မတို့ အလွန်ကိုမှန်တယ်။ အဲဒါကြောင့်မို့လို့ ဟိုမှာရှိခဲ့တဲ့ သူငယ်ချင်း ညီအစ်ကိုမောင်နှမတွေကိုလည်း အဲဒီထဲမှာနေပြီး ကိုယ့်ဘဝကို အနှစ်မွန်းမခံပါနဲ့၊ တပ်မတော်ဘက်ကိုလာပြီး အလင်းဝင်ပါ။ ကျွန်မတို့က ဒီကနေအလင်းဝင်ပြီး ပြန်လို့ရှိရင်လည်း ကိုယ့်မိဘ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် ကောင်းကောင်းမွန်မွန်နဲ့ နေထိုင်ပြီးတော့ ကောင်းကောင်းမွန်မွန်နဲ့ လုပ်ကိုင်စားပြီးတော့ ကျွန်မတို့လည်း နောက်နောင် ဒီလိုအမှားမျိုးကို မကျူးလွန်တော့ပါဘူးလို့ ကတိသစ္စာပြုပါတယ်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဝါစေ့ဆီကြမ်းမှ အဆင့်မြင့်စားသုံးဆီသန့်အဖြစ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်း ဝါစေ့ဆီကြမ်းမှ အဆင့်မြင့်စားသုံးဆီသန့်အဖြစ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနီနီအေး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မိုရ်စိုး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး(အစားအသောက်)ဒေါက်တာပြည့်ဖြိုး၊ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးများ၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသထွက် ကုန်ကြမ်းတစ်ခုကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ပြောင်းလဲပြီး ပြည်သူ့စားသုံးဆီဖူလုံရေး၊ တောင်သူများ၏ ဝင်ငွေတိုးတက်ရေး၊ ဒေသတွင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်၏ စီးပွားရေးမြှင့်တင်ရေးအတွက် အကျိုးရှိစေမည့် မဟာဗျူဟာလုပ်ငန်းစဉ်အား အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ပြည်တွင်းစားသုံးသူများအတွက် ဘေးကင်းပြီး အရည်အသွေးပြည့်မီသည့် ဝါစေ့ဆီသန့်ကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ခေတ်မီဆီသန့်စင်နည်းပညာများအသုံးပြု၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျအသုံးပြုပြီး အလေးထားကာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးမှ ရရှိမည့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် တိကျသည့်လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဌာနများ၊ ပညာရှင်များနှင့် ဆီစက်လုပ်ငန်းရှင်များအားလုံး အပြန်အလှန်ပူးပေါင်းပြီး အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားသည်။

၎င်းနောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဝါစေ့ဆီလုပ်ငန်းစီမံချက် ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး(အစားအသောက်)က ဝါစေ့ဆီကြမ်းမှ အဆင့်မြင့်စားသုံးဆီသန့်အဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ တွေ့ရှိချက်များအားလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝါစေ့ဆီကြမ်းမှ အဆင့်မြင့်စားသုံးဆီသန့်အဖြစ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးအတွင်း ဆီစက်လုပ်ငန်းများလည်ပတ်နေမှု အခြေအနေများ၊ ဝါစေ့ဆီထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့် ကုန်ကြမ်းများ၊ စက်ပစ္စည်းများ၊ နည်းပညာများဖြည့်တင်းပေးနိုင်ရေး ရှင်းလင်းတင်ပြချက်များ၊ အတွေ့အကြုံများနှင့် ကြုံတွေ့နေရမှုများအား ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များ၊ ဖြည့်စွက်ဆွေးနွေးချက်များနှင့် အကြံပြုချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

---



## ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာ၌ ပြည်သူ့စကားဝိုင်းကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက သမ္မတောကျေးရွာရှိ ရွာဦးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟိန်းမင်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကိုကိုလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမျိုးဝင်း၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မင်းမင်းထွန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ထိန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုကို၊ မြို့နယ်လဝကဦးစီးမှူး ဦးခင်မောင်ရီ၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးခင်ဇော်၊ ကျေးလက်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးခိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟိန်းမင်းဦးက မိတ်ဆက်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး၊ တက်ရောက်လာသည့် တာဝန်ရှိသူများက မိတ်ဆက်စကားပြောကြားကာ၊ သမ္မတောကျေးရွာ၊ ဝွေးကြီးကုန်းကျေးရွာတို့မှ ကျေးရွာသူ၊ ကျေးရွာသားများက ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို တင်ပြကြသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုများအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး၊ အမှတ်တရစုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ရွှေရန်ကင်း)

---

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ထရန်စဖော်မာအသစ် တပ်ဆင်ဖွင့်လှစ်ပွဲ ကျင်းပ

**စဉ့်ကူး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ အမှတ်(၁)၊ သီလှရပ်ကွက်နေ ပြည်သူများထံ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ထရန်စဖော်မာအသစ် တပ်ဆင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁)၊ သီလှရပ်ကွက်ရှိ ထရန်စဖော်မာအနီးတွင် ကျင်းပသည်။

အခမ်းအနားသို့ စဉ့်ကူးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)ဦးဆောင်းတင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းနိုင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးမောင်မောင်ကျော်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသိန်းလင်းဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာကို သီလှရပ်ကွက်နေ ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးအတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)မှ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။ အများပြည်သူစုပေါင်းကုန်ကျငွေဖြင့် ဆက်စပ်ပစ္စည်းများဝယ်ယူခဲ့ပြီး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးဝန်ထမ်းများက အသစ်ပြန်လည်တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ထရန်စဖော်မာ တပ်ဆင်ပြီးစီးမှုကြောင့် လျှပ်စစ်မီးသုံးစွဲသူဦးရေ ၁၂၆ ဦးခန့်ထံသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

တင်စာလွင်(ပြန်/ဆက်)



---

## တရုတ်(ဟောင်ကောင်)၌ ကျင်းပမည့် October Show သို့ မြန်မာလုပ်ငန်းရှင်များ တက်ရောက်နိုင်

**မန္တလေး စက်တင်ဘာ ၁၄**

တရုတ်(ဟောင်ကောင်)ရှိ AsiaWorld-Expo တွင် ကျင်းပမည့် October Show သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ဖိတ်ခေါ်ထားသည်။

အဆိုပါပြပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အသင်းအဖွဲ့များမှ တစ်ဆင့် မှတ်ပုံတင်၍ တက်ရောက်နိုင်ကြောင်း သိရသည်။

ပြပွဲသို့ တက်ရောက်သူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ စီကို သီးသန့်ငွေသားအဖြစ် ပြန်လည်ပေးအပ်သွားမည်ဖြစ်ပြီး အဖွဲ့ဝင်များအတွက် အခမဲ့ Shuttle ဝန်ဆောင်မှုနှင့် ဧည့်လမ်းညွှန်ဝန်ဆောင်မှုများလည်း ရရှိမည်ဖြစ်သည်။

ထို့ပြင် အခမဲ့အစားအသောက်နှင့် အဖျော်ယမကာဘောက်ချာများ၊ VIP Lounge ဝင်ခွင့်နှင့် Refreshment များအပြင် Business Matching Meeting များတွင် ပါဝင်တက်ရောက်ခွင့်များလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

October Show သို့တက်ရောက်လိုသည့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာအသင်းအဖွဲ့များမှ တစ်ဆင့် မှတ်ပုံတင်လျှောက်ထားနိုင်သကဲ့သို့ တိုက်ရိုက်လျှောက်ထား၍လည်း တက်ရောက်နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀

## လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ကြီးကြပ်မှုဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းဆောင်ရည်ပြည့်ဝစေရန် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ယနေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက် အောင်မင်္ဂလာဘုရားဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်က သင်တန်းသား၊ သင်တန်းသူအားလုံး သင်တန်းမှ သင်ကြားပေးလိုက်သည့် ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူသွားကြရန်နှင့် အောင်မြင်သော လုပ်ငန်းရှင်များအဖြစ် မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ပြည်သူများအတွက် ဒေသတွင်း အလုပ်အကိုင်များ ဖန်တီးပေးနိုင်သည့် လုပ်ငန်းရှင်များအဆင့်အထိ အောင်မြင်အောင် ဆောင်ရွက်သွားကြပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည်အထိ ကြိုးစားလုပ်ဆောင်သွားကြရန် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**သက်မောင်(ကျောက်ဆည်)**



## ချောက်မြို့နယ်၊ ပုပ္ပကန်ကျေးရွာ၌ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး



**ချောက် စက်တင်ဘာ ၁၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုပ္ပကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို တာဝန်ရှိသူများ ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပုပ္ပကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ချောက်မြို့နယ်၊ ပုပ္ပကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉၇ ဦးကို ငွေကျပ် ၆၅ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၃ ဒသမ ၃၅ သန်း၊ စုစုပေါင်း စီမံကိန်းအသင်းဝင် ၂၀၈ ဦးကို ငွေကျပ် ၇၁ သန်းအား အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးထားသည့်အတွက် အဆိုပါ ချေးငွေများဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ အဆင်ပြေစွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အထွေး**

## မီးဘေးအန္တရာယ် အသိပညာပေးဟောပြော လက်ကိုင်ဖုန်းများ အတွင်း 191 Report Application ထည့်သွင်း



**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂၅)အခြေခံ ပညာအထက်တန်းကျောင်းရှိ မြရတနာပုံခန်းမ၌ ''သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဆင်သင့်ဖြစ်မှုမြှင့်တင်ရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်း'' ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းသားဆရာဆရာမများအား ယနေ့ နံနက်ပိုင်းက မီးဘေးအန္တရာယ် အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါဟောပြောရာတွင် အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်၊ ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည်ဖြိုးမောင်နှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ သင်တန်းသား ဆရာဆရာမများ၊ ကျောင်းသား များတက်ရောက်ခဲ့ကြောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိက ငလျင်အန္တရာယ်နှင့် ပက်သက်သည့် ဆောင်ရန်ရှောင်ရန် အချက်များ၊ မီးဘေးလုံခြုံရေး အသိပညာများကို ဟောပြောပို့ချခဲ့ပြီးနောက် ဆရာ၊ ဆရာမများနှင့် ကျောင်းသားများအား မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ငြိမ်းသတ်ခြင်းနှင့်၎င်းတို့၏ လက်ကိုင်ဖုန်းများအတွင်း 191 Report Application ထည့်သွင်းပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

> **ရေနုတ်မြောင်းအတွင်း စည်းကမ်းမဲ့**
> **အမှိုက်မစွန့်ပစ်ခြင်းဖြင့် သင်၏ဂုဏ်ကိုမြှင့်တင်ပါ။**




## ဆရာနေဇော်၏ ၇ ကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲ စက်တင်ဘာ ၁၆ ရက်တွင် စတင်မည်

**မန္တလေး စက်တင်ဘာ ၁၄**

ပန်းချီဆရာ နေဇော်၏ ၇ ကြိမ်မြောက် တစ်ကိုယ်တော် ပန်းချီပြပွဲကို "BETWEEN LIGHT AND SHADOW" အမည်ဖြင့် မန္တလေးမြို့တွင် စက်တင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကြာ ကျင်းပပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် အလင်းနှင့်အမှောင်ကြားရှိ အရောင်များ၊ အရိပ်များ၏ ခံစားမှုနှင့် အမြင်အာရုံကို အခြေခံကာ ပန်းချီလက်ရာများဖြင့် ဖန်တီးတင်ဆက်သွားမည်ဖြစ်သည်။

ပန်းချီဆရာ နေဇော်က အလင်းရှိမှသာ အရောင်များကို မြင်နိုင်ပြီး အလင်းနှင့်အမှောင်ကြားတွင် ထင်ရှားမှုမရှိဘဲ ပျပျလေးမြင်ရသည့် အရောင်များကို မြန်မာတို့က ''အရိပ်''ဟု ခေါ်ဆိုကြကြောင်းနှင့် ယင်းအလင်းနှင့်အရိပ်ကြားမှ အရောင်များကို ပန်းချီလက်ရာများအဖြစ် ဖန်တီးတင်ဆက်ထားခြင်းဖြစ်ကြောင်း ပြောကြားထားသည်။

ပြပွဲကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၆၊ ၁၇နှင့် ၁၈ ရက်များတွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လာရောက်ကြည့်ရှုနိုင်မည်ဖြစ်ပြီး မန္တလေးမြို့၊ ၇၄ လမ်း၊ တံခွန်တိုင်အဝိုင်းအနီးရှိ Garden City Apartment အတွင်းမှ သီရိပစ္စယာ အနုပညာပြခန်း၌ ကျင်းပမည်ဖြစ်သည်။

အနုပညာမြတ်နိုးသူများအနေဖြင့် ပြပွဲကာလအတွင်း လွတ်လပ်စွာ လာရောက်ကြည့်ရှုခံစားနိုင်ကြောင်း သိရသည်။ **ရွှေမန်း**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "San Sin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မြန်မာခါးရိုးရပ်ကွက်နေ မေရီဆန်စင်အား မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လားရှိုးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## လူငယ်နှင့် Social Media ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မကွေး စက်တင်ဘာ ၁၄**

ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးနှင့် Social Media အသုံးပြုမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မကွေးမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(မကွေး) မြရတနာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ(မကွေး)မှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာကျော်ကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အမှတ်(၁၅)မူးယစ်ရဲတပ်ဖွဲ့စုမှူးရုံး ဒုရဲမှူးဇော်လေးက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ အမှတ်(၁၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး တပ်ဖွဲ့စုမှူး ဒုရဲမှူးမင်းလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူးရုံး ရဲမှူးကြီး သက်လွင်က လူငယ်များအတွက် Social Media နှင့် စိန်ခေါ်မှုများဆိုင်ရာ ခေါင်းစဉ်ဖြင့် အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၄၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။**မောင်နိုင်မင်း(ပြန်/ဆက်)**

## အောင်မြေသာစံမြို့နယ်တွင် အခြေခံပညာကျောင်းများအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဆင်သင့်ဖြစ်မှု မြှင့်တင်ရေးသင်တန်းပို့ချ



**မန္တလေး စက်တင်ဘာ ၁၄**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဆင်သင့်ဖြစ်မှု မြှင့်တင်ရေး(မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်း မြရတနာပုံခန်းမတွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ ကွန်ပျူတာမှတ်တမ်းဌာန ညွှန်ကြားရေးမှူး ဒေါ်လီလီအောင်၊ တိုင်းပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခန့်သွင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေး၊ ပူးပေါင်းပါဝင်ကြသော အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ Observer များ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြများက သင်တန်းကိုဆက်လက်ပို့ချပေးကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၁၃ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ သုံးရက် ဖွင့်လှစ်ပို့ချသင်ကြားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၉၃)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဝေါမြို့နယ်တွင် ဘိန်းဖြူဘလောက်တုံးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ စက်တင်ဘာ ၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ရန်ကုန်မြို့ဘက်မှ သထုံမြို့ဘက်သို့ သိန်းစိုး(ခ)ရာဂျားဆိုသူ မောင်းနှင်ပြီး ကျော်ကျော်ထွေး(ခ)ရာဝီးဆိုသူ လိုက်ပါလာသည့် TOYOTA PROBOX အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သို၀ှက်သယ်ဆောင်လာသော ဘိန်းဖြူဘလောက်တုံး ၃၀ တုံး၊ အလေးချိန် ၁၀ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သိန်းစိုး(ခ)ရာဂျား(၄၃)နှစ်ဆိုသူနှင့် ကျော်ကျော်ထွေး(ခ)ရာဝီး(၄၁)နှစ်ဆိုသူတို့အား ဝေါမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၉ ရက် ည ၁၀ နာရီခွဲက ကျိုင်းတုံမြို့နယ်၊ တောင်ခြေကျကျေးရွာအနီးတွင် လော်ဘယ်ဆိုသူ မောင်းနှင်ပြီး ကျ၀ဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ပေါ်တွင် သယ်ဆောင်လာသော ဆာလာအိတ်အတွင်းမှ စိတ်ကြွဆေးပြား ၄၆၀,၀၀၀ နှင့် လက်ကိုင်ဖုန်းသုံးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လော်ဘယ်(၄၀)နှစ်ဆိုသူနှင့် ကျ၀(၅၅)နှစ်ဆိုသူတို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## နှစ်လုံးထီလောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး၊တောင်ငူမြို့နယ်၊ ပြည်မြို့နယ်နှင့် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်တို့၌ စက်တင်ဘာ ၁၁ ရက်က နှစ်လုံးထီလောင်းကစားပြုလုပ်သူများကို ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် တောင်ငူမြို့နယ်၊ (၁၈)ရပ်ကွက်နေ ပြည့်စုံအောင်(၂၈)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တောင်ငူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပြည့်စုံအောင်ဆိုသူအား တောင်ငူမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့်လည်းကောင်း။

အလားတူ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ပြည်မြို့နယ်၊ ကျောင်းကုန်းကျေးရွာနေ ဦးအောင်ဝင်း(၅၈)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဝက်ထီးကန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဦးအောင်ဝင်းဆိုသူအား ၎င်း၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် အဆိုပါကျေးရွာနေ မရွှယ်ရွှယ်ထွန်း(၃၄)နှစ်ဆိုသူအား ၎င်း၏နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများဖြင့်လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ဝင်းဆိုသူနှင့် ရွှယ်ရွှယ်ထွန်းဆိုသူတို့အား ဝက်ထီးကန် နယ်မြေရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း။

အလားတူ စက်တင်ဘာ ၁၁ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ကျိုက်မရောမြို့နယ်၊ အောင်သုခရပ်ကွက်နေ ဒေါ်စန်းစန်းဝင်း(ခ)မေနိုင်(၄၄)နှစ်ဆိုသူ နေအိမ်၌ နှစ်လုံးထီ၊သုံးလုံးထီ ရောင်းချနေကြောင်းသတင်းအရ ကျိုက်မရောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအားနေအိမ်၌ နှစ်လုံးထီ၊ သုံးလုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စန်းစန်းဝင်း(ခ)မေနိုင်ဆိုသူအား ကျိုက်မရောမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



သင့်အသက်အန္တရာယ်
ကာကွယ်ရန်အတွက်
ဆိုင်ကယ်စီးလျှင်
ဦးထုပ်ဆောင်းပြီး
မေးသိုင်းကြိုး
သေချာစွာ
တပ်ပါ။




# နိုင်ငံတကာ အားကစား သတင်းများ

## ပက်ဒရိုနီတို ချဲလ်ဆီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် စက်တင်ဘာ ၁၄**

ချဲလ်ဆီးအသင်းသည် အသင်း တောင်ပံကစားသမား ပက်ဒရိုနီတိုကို ၂၀၃၂ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၉ ပွဲကစားပြီး ၂၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ပက်ဒရိုနီတိုက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## ပီအက်စ်ဂျီအသင်းက ဘရက်စ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ



**ပါရီ စက်တင်ဘာ ၁၄**

ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပီအက်စ်ဂျီအသင်းနှင့် ဘရက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက ဘရက်စ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၅ မိနစ်တွင် ဖာရန်တောရက်စ်က သွင်းယူပေးခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်လီဂူးပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၂၁ ရက်တွင် မာဆေးလ်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## နည်းပြ ကားလိုစ်ကော်ဘီရန်ကို နည်းပြရာထူးမှ ဗလင်စီယာအသင်းထုတ်ပယ်

**မက်ဒရစ် စက်တင်ဘာ ၁၄**

ဗလင်စီယာအသင်းသည် အသင်းရလဒ်ဆိုးများကြောင့် နည်းပြ ကားလိုစ်ကော်ဘီရန်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

ဗလင်စီယာအသင်းသည် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပွဲစဉ် ငါးပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် တစ်မှတ်သာ ရရှိထားပြီး ရလဒ်များအလွန်ဆိုးရွားခဲ့ခြင်းကြောင့် နည်းပြ ကားလိုစ်ကော်ဘီရန်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ကားလိုစ်ကော်ဘီရန်သည် ဗလင်စီယာအသင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၇၂ ပွဲတွင် ၂၈ ပွဲနိုင်၊ ၁၈ ပွဲသရေ၊ ၂၆ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဗလင်စီယာအသင်း၏ ထုတ်ပြန်ချက်တွင် "နည်းပြ ကားလိုစ်ကော်ဘီရန်ကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ) (NGB)**

0-0-0-0-0-0-0



## အန်တိုနီယိုကို ဝက်ဖို့ဒ်အသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၁၄**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဝက်ဖို့ဒ်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝက်စ်ဟမ်းအသင်း ဝါရင့်တိုက်စစ်မှူးဟောင်း အန်တိုနီယိုကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အသက်(၃၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဝက်ဖို့ဒ်အသင်းတွင် ကျောနံပါတ် (၁၈)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး အန်တိုနီယိုသည် ကစားသမားဘဝတစ်လျှောက်တွင် ရီဒင်း၊ ဆောက်သမ်တန်၊ ဝက်စ်ဟမ်း၊ နော့တင်ဟမ်စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဝက်ဖို့ဒ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အန်တိုနီယိုအနေဖြင့် ဝက်ဖို့ဒ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## ရလဒ်ဆိုးများကြောင့် နည်းပြ အူဂန်ပိုလန်းစကီးကို မိုချန်ဂလာဘတ်အသင်း ထုတ်ပယ်

**မြူးနစ် စက်တင်ဘာ ၁၄**

ဘွန်ဒက်စ်လီဂါကလပ် မိုချန်ဂလာဘတ်အသင်းသည် လက်ရှိအချိန် ရလဒ်များအလွန်ဆိုးရွားခြင်းကြောင့် နည်းပြ အူဂန်ပိုလန်းစကီးကို ရာထူးမှ ထုတ်ပယ်ခဲ့သည်။

မိုချန်ဂလာဘတ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် နိုင်ပွဲတစ်ပွဲမျှ အနိုင်ရရှိခဲ့ခြင်းမရှိသောကြောင့် နည်းပြ အူဂန်ပိုလန်းစကီးကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၀)နှစ်အရွယ်ရှိ နည်းပြ အူဂန်ပိုလန်းစကီးသည် မိုချန်ဂလာဘတ်အသင်းကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၃၇ ပွဲတွင် ၁၁ ပွဲနိုင်၊ ၁၀ပွဲသရေ၊ ၁၆ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် မိုချန်ဂလာဘတ်အသင်းအနေဖြင့် အူဂန်ပိုလန်းစကီးကို ထုတ်ပယ်ပြီးနောက် နည်းပြသစ်အဖြစ် မည်သူ့အားခန့်အပ်သွားမည်လဲ ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**

0-0-0-0-0-0-0-0



## 2026 US Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Alexander Zverev ဆွတ်ခူး

**နယူးယောက်ခ် စက်တင်ဘာ ၁၄**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပ လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျာမနီတင်းနစ်ကစားသမား Alexander Zverev က ဆွတ်ခူးခဲ့သည်။

အဆိုပါ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev သည် 2026 US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အိမ်ရှင် အမေရိကန်တင်းနစ်ကစားသမား Ben Shelton ကို ၆-၃၊ ၇-၆၊ ၅-၇၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ Alexander Zverev က "2026 US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပါပြီ။ နိုင်ငံအတွက်လည်း ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(အပေါ်ယာပုံ) (NGB)**



## 2026 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Elena Rybakina ဆွတ်ခူး

**နယူးယောက်ခ် စက်တင်ဘာ ၁၄**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကာဇက်စတန်တင်းနစ်မယ် Elena Rybakinaက ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့သည်။



အဆိုပါ ကာဇက်စတန်တင်းနစ်မယ် Elena Rybakina သည် 2026 US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဘီလာရုစ်တင်းနစ်မယ် Aryna Sabalenka ကို ၆-၄၊ ၅-၇၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ Elena Rybakina က "ကျွန်မအနေနဲ့ 2026 US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၅-၉-၂၀၂၆ ည ၁၁း၃၀ နာရီ | ဗယ်လက်ကာနို - အက်စ်ပန်ညို | ဗယ်လက်ကာနို ၁-၀ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၁-၀ ဗယ်လက်ကာနို |
| ၁၆-၉-၂၀၂၆ နံနက် ၀၀း၃၀ နာရီ | အလာဗက်စ် - ဗလင်စီယာ | အလာဗက်စ် ၀-၀ ဗလင်စီယာ<br>ဗလင်စီယာ ၃-၂ အလာဗက်စ် |
| ၁၆-၉-၂၀၂၆ နံနက် ၀၂း၀၀ နာရီ | အယ်လ်ချီ - ရီးရဲလ်မက်ဒရစ် | အယ်လ်ချီ ၂-၂ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၄-၁ အယ်လ်ချီ |

### အင်္ဂလန်လိဂ်ဖလား တတိယအဆင့်ပွဲစဉ်များ — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၆-၉-၂၀၂၆ နံနက် ၀၀း၃၀ နာရီ | အစ်ဆွစ်ချ် - အာဆင်နယ် | အစ်ဆွစ်ချ် ၁-၀ အာဆင်နယ်<br>အာဆင်နယ် ၃-၀ အစ်ဆွစ်ချ် |
| ။ | လီဗာပူး - စပါး | လီဗာပူး ၄-၀ စပါး<br>စပါး ၁-၀ လီဗာပူး |




## (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**လားရှိုး စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲကို စက်တင်ဘာ ၁၃ ရက် ညနေ ၅ နာရီက အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းရှိ ကမ္ဘောဇခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများအားလည်းကောင်း၊ ကချင်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲနှင့် ဝါသနာရှင် ဒုတိယတန်း အကပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိသူများအား ဆုတံဆိပ်နှင့် ထူးချွန်ဂုဏ်ပြုဆုများအားလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ လားရှိုးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာငွေးလွင်နှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက အခြေခံပညာအဆင့် ကာလပေါ်တေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး အဆိုယှဉ်ပြိုင်ခြင်း၊ ဝါသနာရှင် ဒုတိယတန်း အကယှဉ်ပြိုင်ခြင်း၊ ဝါသနာရှင် ဒုတိယတန်း အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးနှင့် ခေတ်ဟောင်းတေး၊ ကာလပေါ်တေး အဆိုယှဉ်ပြိုင်ခြင်း၊ အခြေခံပညာအဆင့် စန္ဒရားအတီး၊ တပင်တိုင်အကနှင့် ဒုံမင်းအတီး ယှဉ်ပြိုင်ခြင်းနှင့် ဝါသနာရှင် ဒုတိယတန်း ဒုံမင်း အတီးယှဉ်ပြိုင်ခြင်းတို့တွင် ထူးချွန်ဆုရရှိသူများအား ဆုတံဆိပ်နှင့် ထူးချွန်ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲအသီးသီးတို့တွင် ပထမဆုရရှိသည့် ပြိုင်ပွဲဝင်များက ပြန်လည်ဖျော်ဖြေတင်ဆက်ခဲ့ရာ တက်ရောက်လာသည့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

**လှမော်(ပြန်/ဆက်)**






## စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်နိုင်ရန်အတွက် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကျင်းပ

**ချောက် စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ် ရွှေသူငွေးကုန်းရပ်ကွက်ရှိ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်နိုင်ရန်အတွက် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက ကျင်းပခဲ့ရာ ရေနံချောင်းမြို့နယ်၊ ရွှေတောင်ပါဠိတက္ကသိုလ်ဆရာတော် နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တတေဇနိယ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အဖွဲ့ဝင်ဆရာတော်များ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်များ၊ တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်၊ ချောက်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ချောက်ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ရတနာရွှေကြုတ်နှင့် အုတ်မြစ်တော်၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ရွှေတောင်ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် စလင်းမြို့ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိစ္စထံမှ အနုမောဒနာနှင့် ရေစက်ချတရား နာယူကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်ရန် ရတနာအုတ်မြစ်တော်စီရန်အတွက် ရေနံချောင်းမြို့၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်က ရတနာရွှေကြုတ်ကို စီသွင်းပူဇော်ခြင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပတ္တမြား၊ သန္တာ၊ စိန်၊ ပုလဲ၊ ကြောင်၊ ဂေါမုတ်၊ မြ ရတနာ၊ ဥဿဖရား၊ နီလာ ရတနာအုတ် အစရှိသည်တို့ကို နေ့နံအလိုက် စီသွင်းပူဇော်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ခဲ့ကြပြီး ရတနာရွှေကြုတ် အုတ်မြစ်တော်နေရာကို အင်္ဂတေဖြင့် အခိုင်အမာပြုလုပ်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ကျော်မိုး(ပြန်/ဆက်)**

## အသက်(၁၄)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မိုင်းဖြတ် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၃ နာရီက မြို့နယ် အားကစားကွင်း၌ ကျင်းပရာ အ·ထ·က(မိုင်းဖြတ်)နှင့် အ·ထ·က(ဟိုနား) အသင်းတို့ ဗိုလ်လုပွဲကို ယှဉ်ပြိုင်ကစားရာ အ·ထ·က(ဟိုနား) အသင်းက အ·ထ·က(မိုင်းဖြတ်) အသင်းကို အနိုင်ရဗိုလ်စွဲခဲ့သည်။



ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းရီတစ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်ဖြိုးတင်ဇာကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အသင်းအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့သည့် အသင်းအား ဆုဖလား၊ ဂုဏ်ပြုဆုငွေနှင့် ရွှေ၊ ငွေ၊ ကြေးတံဆိပ်များကိုလည်းကောင်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအားကစားသမားဆုများကိုလည်းကောင်း အသီးသီး ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်တွင်းကြီး စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကံလှကန်ကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ဇော်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများက ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတပြည့်စုံကြွယ်ဝစေရေး၊ လူနေမှုအဆင့်အတန်းမြင့်မားစွာ နေထိုင်တတ်စေရေး၊ လူနေမှုပတ်ဝန်းကျင် သန့်ရှင်းစွာ နေထိုင်တတ်စေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အသိပညာပေးဆွေးနွေးခဲ့သည်။ ထို့နောက် ကျေးရွာပြည်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်၊ စာစောင်များ လှူဒါန်းပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**ဦးမျိုး(ဗိသုနိုးမြေ)**

ပလတ်စတစ်
ညစ်ညမ်းမှုကို
တိုက်ဖျက်
ကြပါစို့။



# (၃၉)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ လှူဒါန်း

**မန္တလေး စက်တင်လာ ၁၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား (၃၉)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ လှူဒါန်းခြင်းကို ယနေ့ နံနက် ၉ နာရီက ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ (ဝဲပုံ)

အခမ်းအနားသို့ တက်ရောက်လာသော ရပ်ကွက်နေပြည်သူများအား မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းဦး၊ မဟာအောင်မြေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်မှုတွင် သက်ကြီးဘိုးဘွား ၃၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့ပြင် ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၁၀၀ အား တစ်စုလျှင် ငွေကျပ် ၁၀၀၀၀၊ ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆား တစ်ထုပ်နှင့် ဆပ်ပြာခရင်(မ်) တစ်ဘူးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၆)



# ဆေးပဒေသာပင်အတွက် အလှူငွေ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၄**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ ဒေါနဘွားရပ်ကွက်ရှိ နန်းတော်ရှေ့ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ ၆၃လမ်းနှင့် ၃၃(အေ)လမ်းနေ ဦးဘိုးညီ+ဒေါ်လုံးကြည်တို့အား ရည်စူး၍ (သမီး)ဒေါ်ခင်ဝင်းအေး မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်းကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ရုံးအုပ်ကြီး ဦးစိုးမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန၊ ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

၀-၀-၀-၀-၀-၀

# ပုစွန်တင်ပို့မှုမှ ဒေါ်လာ ၉ ဒသမ ၃၄၄ သန်း ရရှိ

**မန္တလေး စက်တင်လာ ၁၄**

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမလေးလအတွင်း မြန်မာနိုင်ငံမှ ပုစွန်မက်ထရစ်တန်ချိန် ၂၉၅၆ ဒသမ ၆၃၆ တန် တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၄၄ သန်း ရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြန်မာ့ပုစွန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် အပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်သို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပုစွန်မွေးမြူရေးလုပ်ငန်းကို ရခိုင်၊ ဧရာဝတီ၊ ရန်ကုန်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အဓိကလုပ်ကိုင်လျက်ရှိပြီး ရေချိုနှင့် ရေငန်ပုစွန်မွေးမြူရေးဧက ၁၃၈,၃၀၀ ဒသမ ၁၂ ဧကခန့် ရှိသည်။ ရေချိုပုစွန်တုပ်ကြီး၊ ကျားပုစွန်နှင့် ပုစွန်ဖြူတို့ကို စီးပွားဖြစ်မွေးမြူထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ပုစွန်မွေးမြူရေးတွင် ရိုးရာကန်ကျယ်စနစ်အပြင် သိပ္ပံနည်းကျ ကန်ကျပ်မွေးမြူရေးစနစ်များကို အသုံးပြုလာကြပြီး အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် ပုစွန်ဖြူမွေးမြူရေးကို တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ အဆင့်မြင့်မွေးမြူရေးစနစ်များဖြင့် တစ်ဟက်တာလျှင် ပုစွန်ဖြူ ၁၅ တန်မှ ၂၅ တန်အထိ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

မွေးမြူထုတ်လုပ်မှု တိုးတက်လာခြင်းနှင့်အတူ ပုစွန်ပြည်ပတင်ပို့မှုလည်း တိုးတက်လာခဲ့သည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပုစွန် ၉၁၄၆ ဒသမ ၆၁၅ တန် တင်ပို့၍ ဒေါ်လာ ၂၉ ဒသမ ၆၇၃ သန်း ရရှိခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၁၀,၅၈၁ ဒသမ ၅၂၄ တန် တင်ပို့ကာ ဒေါ်လာ ၃၃ ဒသမ ၁၃၆ သန်း ရရှိခဲ့သည်။

ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးအတွက် ပုစွန်သားပေါက်နှင့်အစာ ပြည်တွင်းထုတ်လုပ်နိုင်ရေး၊ ရောဂါကာကွယ်ရေးနှင့် ဇီဝလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ရေအရည်အသွေးစောင့်ကြည့်မှု၊ အအေးခန်းသယ်ယူပို့ဆောင်ရေးနှင့် အစားအသောက် ဘေးကင်းလုံခြုံရေးစံနှုန်းများကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**



သင့်ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်ပါ။

# Wifi ဝန်ဆောင်မှု အဆင်မပြေခြင်းကို စားသုံးသူရေးရာဦးစီးဌာနမှ ညှိနှိုင်းဖြေရှင်း

**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ ကျီနီစက်မှုစံပြကျေးရွာမှ ပြည်သူတစ်ဦး၏ Wi-Fi ဝန်ဆောင်မှု အဆင်မပြေခြင်း တိုင်ကြားချက်အား စားသုံးသူရေးရာဦးစီးဌာနမှ နှစ်ဖက်တွေ့ဆုံညှိနှိုင်းပြီး ဖြေရှင်းပေးခဲ့သည်။

တိုင်ကြားသူသည် ခြောက်လစာ WiFi ဝန်ဆောင်ခ ငွေကျပ် ၃၃၁,၂၀၀ ပေးချေထားသည်။ သို့ရာတွင် ဝန်ဆောင်မှုရယူပြီး တစ်လခန့်ကတည်းက လိုင်းမကြာခဏ ပြတ်တောက်ခဲ့သည်။ တစ်ကြိမ်လျှင် သုံးရက်မှ တစ်ပတ်ခန့်အထိ အင်တာနက်အသုံးပြု၍ မရခြင်းကြောင့် တိုင်ကြားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး ပျက်ရက်များအတွက် တစ်လစာ ဝန်ဆောင်မှု အစားထိုးပေးရန် တောင်းဆိုခဲ့ရာ ကုမ္ပဏီဘက်က အစားထိုးပေးမည်ဟု ကတိပြုခဲ့သော်လည်း ခြောက်လ သက်တမ်းပြည့်သည်အထိ အစားထိုးပေးခြင်း မရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာနထံသို့ တိုင်ကြားခဲ့ခြင်း ဖြစ်သည်။



မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးမှူးရုံးမှ တိုင်ကြားသူနှင့် လုပ်ငန်းရှင်တို့ကို တွေ့ဆုံညှိနှိုင်းပေးခဲ့ပြီး တိုင်ကြားသူ တောင်းဆိုသည့်အတိုင်း WiFi တစ်လစာ ဝန်ဆောင်မှုကို ပြန်လည်ဖြည့်သွင်းပေးခဲ့သည်။

တိုင်ကြားသူဘက်ကလည်း ညှိနှိုင်းဖြေရှင်းမှုအပေါ် ကျေနပ်သဘောတူခဲ့ခြင်းကြောင့် စားသုံးသူ ကာကွယ်ရေးဥပဒေ ပုဒ်မ ၅၂ (ဂ) ပါ "အစားထိုးပေးစေခြင်း" အရ သဘောတူညီချက်မှတ်တမ်းတင်ပြီး တိုင်ကြားမှုကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (မန္တလေးနေ့စဉ်-၅)

# စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

**မန္တလေး စက်တင်လာ ၁၄**

တစ်ပတ်တာကာလအတွင်း မြန်မာနိုင်ငံဒေသအများစု၌ မိုးထစ်ချုန်းရွာနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ ခန့်မှန်းထားသည်။

**မိုးရွာနိုင်မှု**

မကွေး၊ စစ်ကိုင်းအောက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပြည်နယ်အများစုတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အပူချိန်**

အမြင့်ဆုံးအပူချိန် ၇၃ မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း။

အနိမ့်ဆုံးအပူချိန် ၅၉ မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း။

**လေထုစိုထိုင်းဆ**

ဒေသအလိုက် ၇၈ ရာခိုင်နှုန်းမှ ၉၇ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး အနောက်တောင်မုတ်သုံလေ အားအနည်းငယ်မှ အသင့်အတင့်ရှိနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲက ထုတ်ပြန်ထားသည်။

စိုက်ပျိုးရေးအတွက် မိုးရွာသွန်းနိုင်မှုနှင့် အပူချိန်အခြေအနေများကို ဒေသအလိုက် ကြိုတင်သတိပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည်။ (ဝဲပုံ)

**ရွှေမန်း**




- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# တရားဦး ဓမ္မစကြာ တရားတော်(၅)

ဒေါက်တာခင်ဝင်းကြည်

ဂါထာ(၃) အလယ်အလတ်အကျင့်တရား

ဒိုနှာသေ ဘေးဒုက္ခအပါအဝင် ဒုက္ခအားလုံး ချုပ်ငြိမ်းသွားစေမယ့် တရားရှာတဲ့အခါ ရဟန်းတစ်ပါးအနေနဲ့ **ရှောင်ရမယ့် အကျင့်နှစ်မျိုး**ကို မိန့်ပြီးတဲ့နောက် မြတ်စွာဘုရားရှင်ဟာ **ဆောင်ရမယ့် အကျင့်**(တစ်နည်း)ကျင့်သုံးရမယ့် နည်းလမ်းကို တစ်ဆက်တည်း ညွှန်ကြားမိန့်ဆိုတော်မူခဲ့ပါတယ်။

ဆောင်ရမယ့်နည်းက ကျွန်မတို့အားလုံး ကြားဖူးနားဝရှိနေကြတဲ့ မဇ္ဈိမ ပဋိပဒာ ကျင့်စဉ်နည်းပဲ ဖြစ်ပါတယ်။

**မဇ္ဈိမ** = အလယ်အလတ်

**ပဋိပဒာ** = အကျင့်

**ပါဠိ-မြန်မာ အဘိဓာန် စာ-၆၇၀**

ရှေးရှေးဘုရားရှင်များနှင့်ထပ်တူ ကျင့်တော်မူတဲ့ မြတ်စွာဘုရား(တထာဂတေန)၊ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူတဲ့ မြတ်စွာဘုရား(အဘိသမ္ဗုဒ္ဓါ)၊ ထိုမြတ်စွာဘုရား ကိုယ်တော်တိုင် ဒီမဇ္ဈိမ ပဋိပဒာ အကျင့်ကို ကျင့်သုံးပြီးမှ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခဲ့တာ ဖြစ်ပါတယ်။

ဒီနည်းနဲ့ပတ်သက်လို့ ဘုရားရှင်က **အချက်(၆)ချက်** မိန့်တော်မူခဲ့ပါတယ်။ 'စက္ခုကရဏီ-နိဗ္ဗာနာယ သံဝတ္တတိ'

၁။ အသိဉာဏ်မျက်စိကို ပွင့်စေတတ်ပါတယ်။

၂။ အသိဉာဏ်ကို ဖြစ်စေတတ်ပါတယ်။

၃။ ရာဂစသည် ကိလေသာတို့ကို ငြိမ်းအေးစေတတ်ပါတယ်။

၄။ ထူးခြားသော ဉာဏ်(အဘိညာဉ်)ကို ဖြစ်စေတတ်ပါတယ်။

၅။ သစ္စာလေးပါးကို သိစေတတ်ပါတယ်။ မဂ်ဉာဏ်လေးပါးကို ဖြစ်စေပါတယ်။

၆။ တဏှာကင်းရာ နိဗ္ဗာန်သို့ ပို့ဆောင်နိုင်ပါတယ်။

**ပါဠိ-မြန်မာ အဘိဓာန် စာ-၂၈၃၊ ၂၂၂၊ ၁၀၄၊ ၈၇၃၊ ၄၇၄၊ ၈၁၇)**

အရိယာသူတော်ကောင်းတို့ မှီဝဲဆည်းကပ်တဲ့ အဲ့ဒီမဇ္ဈိမ ပဋိပဒာ အကျင့်ဆိုတာ **အင်္ဂါရှစ်ပါးပါဝင်တဲ့ လမ်း(မဂ္ဂ)**ပဲ ဖြစ်ပါတယ်။ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို ပြောတာပါ။ (မဂ္ဂ+အင်္ဂါ=မဂ္ဂင်)

၁။ **သမ္မာဒိဋ္ဌိ** = (မှန်ကန်သောအမြင်)

၂။ **သမ္မာသင်္ကပ္ပ** = (မှန်ကန်သော အတွေးအကြံ)

၃။ **သမ္မာဝါစာ** =မှန်ကန်သော ပြောဆိုမှု

၄။ **သမ္မာကမ္မန္တ** = မှန်ကန်သော အလုပ်

၅။ **သမ္မာအာဇီဝေါ** = မှန်ကန်သော အသက်မွေးဝမ်းကျောင်းမှု

၆။ **သမ္မာဝါယာမော** = မှန်ကန်သော လုံ့လ စိုက်ထုတ်မှု

၇။ **သမ္မာသတိ** = မှန်ကန်သော သတိတရ အောက်မေ့မှုရှိခြင်း

၈။ **သမ္မာသမာဓိ** = မှန်ကန်သော စိတ်၏ တည်ငြိမ်မှု

**ဤမဂ္ဂင်ရှစ်ရပ်**ကိုသာ တစိုက်မတ်မတ် **ကြိုးစားပြီး ဆောင်ယူထားမယ်ဆိုရင်** ကျွန်မတို့ လိုလားတောင့်တနေကြတဲ့ **ကိလေသာခပ်သိမ်း ငြိမ်းအေးသွားမယ့် အခြေအနေ**(နိဗ္ဗာန်ဆိုတာ)ကို တစ်နေ့မဟုတ်တစ်နေ့ ရရှိသွားမှာဖြစ်ကြောင်း၊ (၃၁)ဘုံမှာ စုန်ချည်၊ ဆန်ချည် လည်ပတ်ပြီး ဒိုနှာသေ ဒုက္ခမျိုးစုံကြုံနေရတဲ့အဖြစ်က ကင်းဝေးချမ်းသာမှု ရရှိသွားမှာဖြစ်ကြောင်း ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်က ဓမ္မစကြာတရားတော်ရဲ့ တတိယ ဂါထာမှာ မိန့်ကြားတော်မူခဲ့ပါတယ်။

ဘုရားရှင်မိန့်တော်မူခဲ့တဲ့ မဂ္ဂင်ရှစ်ပါးကို တစ်ခုနဲ့တစ်ခုဆက်စပ်ပြီး အလွယ်မှတ်နိုင်အောင် ကြိုးစားပြီး တင်ပြပါရစေ။

မဂ္ဂင်ရှစ်ပါးထဲမှာ အရေးအကြီးဆုံးက (၁) သမ္မာဒိဋ္ဌိ-အမြင်မှန်ခြင်းပါ။ မိစ္ဆာဒိဋ္ဌိ-အမြင်မှားခြင်းရဲ့ ဆန့်ကျင်ဘက်ဆိုတာတော့ အထွေအထူးပြောဖို့ လိုမယ်မထင်ပါဘူး။

ကျွန်မတို့ လက်တွေ့ဘဝမှာလည်း အမြင်မှန်ဖို့က ပထမဦးဆုံး အရေးအကြီးဆုံးပဲ မဟုတ်ပါလား။

**အမြင်မှန်မှ** **အတွေးမှန်မယ်**(မနောကံ)

**အပြောမှန်မယ်**(ဝစီကံ)

**အလုပ်မှန်မယ်**(ကာယကံ)

**အသက်မွေးဝမ်းကျောင်းမှု မှန်မှာ** ဖြစ်ပါတယ်။ (ဒါလည်း ကာယကံ တစ်မျိုးပါပဲ)။

အမြင်မှန်နေမယ်ဆိုရင် ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ အလုပ်(ကမ္မ)သုံးပါးစလုံး မှန်မှန်ကန်ကန်ဖြစ်နေမှာပါ။ အသက်မွေးဝမ်းကျောင်းအလုပ်လည်း မှန်ကန်နေမှာပါ။ ဥပမာ အရက်သေစာ သောက်စားမူးယစ်ခြင်းနဲ့ပတ်သက်ပြီး အမြင်မှန်ရှိနေတဲ့ လူတစ်ယောက်က အရက်ဆိုင်မဖွင့်ဖြစ်ဘူး။ အရက်မရောင်းဖြစ်တော့ဘူးပေါ့။

ဒါဖြင့် အမြင်မှန်တယ်၊ ကောင်းမွန်တဲ့ အမြင်ရှိတယ်ဆိုတာ ဘာကိုပြောတာလဲ။

**အမြင်မှန်ခြင်း(သမ္မာဒိဋ္ဌိ)**

**အဓိကအားဖြင့်တော့** ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမကို ခံယူကျင့်သုံးတဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်အတွက် **အမြင်မှန်ခြင်းဆိုတာ သစ္စာလေးပါးမြတ်တရားကို သိရှိခြင်းပဲ** ဖြစ်ပါတယ်။

**သစ္စာ**တရားဆိုတာက ဘယ်သူ့အတွက် မှန်ကန်တဲ့ အမှန်တရားကို ပြောတာပါလဲ။

**လူတိုင်း လူတိုင်းအတွက်** မှန်တဲ့ အမှန်တရားကိုပြောတာပါ။ ဖြူသည်၊ မည်းသည် မခွဲခြားပါဘူး။ မြန်မာတွေအတွက် မှန်သလို အင်္ဂလိပ်တွေ၊ အမေရိကန်တွေ ကမ္ဘာပေါ်မှာရှိတဲ့ လူအားလုံးအတွက် မှန်ပါတယ်။

**ဘယ်နေရာ ဘယ်ဒေသမှာမဆို** မှန်ပါတယ်။

**ဘယ်အချိန်မဆို** မှန်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၆၁၄)ဗုဒ္ဓဘုရားရှင် ဓမ္မစကြာတရား ဟောကြားခဲ့တဲ့ အချိန်မှာလည်း မှန်တယ်။ အဲ့ဒီနောက်လည်း မှန်တယ်။ အခုလည်း မှန်သလို နောင်လည်း မှန်နေမှာပါပဲ။

ဘယ်အချိန်၊ ဘယ်ဒေသ၊ ဘယ်တိုင်းပြည်၊ ဘယ်လူမျိုးအတွက်မဆို လူတိုင်းအတွက် မှန်တာကို သစ္စာတရားလို့ခေါ်ခြင်းဖြစ်ပါတယ်။

**သစ္စာလေး ပါးမြတ်တရား ဂါထာ(၄)**

**ဒုက္ခသစ္စာ**

ဘယ်အရာ၊ ဘယ်ကိစ္စမဆို ဒုက္ခနဲ့ကင်းတယ်လို့ဆိုတာ မရှိပါဘူး။ ဒါက ဒုက္ခနဲ့ပတ်သက်ပြီး ပြောထားတဲ့ အမှန်တရားဖြစ်လို့ **ဒုက္ခသစ္စာ**။

ကိစ္စများမြောင် လူတို့ဘောင်၌။ **ဆင်းရဲတော့လည်း ဒုက္ခ**။ ရှာရ၊ ဖွေရနဲ့များလိုက်တဲ့ ဒုက္ခ။ **ချမ်းသာပြန်တော့ရော ဒုက္ခနဲ့** ကင်းသွားရောလားဆိုတော့ မကင်းပါဘူး။ ကိုယ့်မှာ ရှိတာတွေ မလျော့သွားအောင် ဖြစ်နိုင်ရင် တိုးပွားအောင် လုပ်ဆောင်လိုက်ရတာ။ သူခိုးမခိုးအောင်၊ မီးမလောင်ရအောင်၊ နိုင်ငံထက်စီးနင်း အလုပ်မခံရအောင် ပူလိုက်ရတာ။ ဘယ်မှာ ဒုက္ခကင်းလို့ပါလဲ။ ရေဘေး၊ ငလျင်ဘေးတွေက နှိပ်စက်လိုက်သေး။

**ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ အကုန်လုံး** အတူတူပါပဲ။ **ပူပင်နေရတာ**ချည်းပါပဲ။

တခြားကိစ္စတွေ မပူပင်ရဦးတော့။ ကိုယ်ကိုယ်တိုင် **မအိုချင်ဘဲနဲ့ အိုနေရ၊ မနာချင်ဘဲနဲ့ နာနေရ၊ မသေချင်ဘဲနဲ့ သေကြရဦးမှာ**ဆိုတော့ ဒုက္ခနဲ့ကင်းတာ ဘာရှိသေးလို့ပါလဲ။

**ဒုက္ခ** = ဆင်းရဲခြင်း၊ ကျေနပ်ဖွယ်မရှိသော သဘော။

**ပါဠိ-မြန်မာ အဘိဓာန် စာ-၄၃၈**

မြတ်စွာဘုရားရှင်ကတော့ ဂါထာ(၄)မှာ ကျွန်မတို့တစ်တွေအားလုံး မလွဲမသွေကြုံတွေ့ကြရမယ့် ဒုက္ခ ခုနစ်မျိုး၊ အကျဉ်းအားဖြင့် တစ်မျိုးတည်းပဲ ပေါင်းပြီး ပြောမယ်ဆိုရင် ပြောလို့ရကြောင်း တိတိကျကျညွှန်ပြတော်မူခဲ့ပါတယ်။

**၁။ ဇာတိ = ပဋိသန္ဓေနေရခြင်း**

မိခင်ဝမ်းဗိုက်အတွင်း ကာလရှေကြည် တည်သည်မှစ၍ မွေးဖွားသည်အထိ ကိုးလကျော် ဆယ်လနေ၊ လူ့ဘဝအစပြုသည့် အချိန်မှာကတည်းက ဒုက္ခဆိုတာ စ,ခဲ့ပါပြီ။ ကျဉ်းကျဉ်းကြပ်ကြပ်ထဲမှာ ကွေးကွေးလေးနေရတာ။ မိခင်က အစားအသောက်၊ အနေအထိုင် ဆင်ဆင်ခြင်ခြင်ရှိနေတဲ့အခါဆိုတော်သေး၊ အမှတ်တမဲ့ပဲဖြစ်ဖြစ် မဆင်မခြင်ဆိုရင် အထဲက သန္ဓေသားလည်း ဒုက္ခမှ အကြီးအကျယ်ဆိုတာ ကျွန်မတို့ တွေးကြည့်လို့ရတာပဲ။ မွေးဖွားပြန်တော့လည်း ပင်ပင်ပန်းပန်းဖြစ်လိုက်ရတာ။ ဒုက္ခပါပဲ။

၂။ ဇရာ = အိုခြင်း

၃။ ဗျာဒိ = နာခြင်း

၄။ မရဏ = သေခြင်း

မိခင်ဝမ်းအပြင်ရောက်ပြန်တော့လည်း ဒုက္ခ။ နုနယ်ပျိုမြစ်လို့မှ မကြာသေး အသက်(၅၀)ဆိုစပြီး ဆံပင်တွေက ဖြူ၊ ပါးရည်နပ်ရည်တွေကစတွန့်လာပြီ။ တဖြည်းဖြည်းနဲ့ အသားအရေတွေလျော့ပါ။ အားအင်တွေကလည်း နည်းလာ၊ တဖြည်းဖြည်းနဲ့ အို အိုလာပြီ၊ ဒုက္ခပါပဲ။

မကျန်းမာဖြစ်တာကလည်း ခဏ ခဏ၊ တုပ်ကွေးဖြစ်ပြန်ပြီ။ နာစေးပြန်ပြီ။ ချောင်းဆိုးပြန်ပြီ။ ဒီအထဲ ဆင်တုပ်ကွေး၊ ကိုဗစ်ဆိုတာတွေက နှိပ်စက်ပြန်ပြီ။ ဒုက္ခပါပဲ။ ကြီးငယ်မရွေး ကလေး၊ လူကြီး ဘယ်အရွယ်ဖြစ်ဖြစ် နာခြင်းဒုက္ခကြီးက မွေးကတည်းက ကပ်ပါလာတာပါလား။

အိုတာ၊ နာတာတွေကမှ တော်သေးပြောရမလားပါပဲ။ သေခြင်းတရားဆိုတဲ့ ဒုက္ခကြီးကမှ တကယ့်ကြောက်စရာ။ ရှာထားလို့ ရသမျှ ပစ္စည်းဥစ္စာတွေလည်း ထားခဲ့ရ။ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ဆွေမျိုးမိတ်သင်္ဂဟအားလုံးလည်း ထားခဲ့ရမှာ။ ဘယ်ဘဝရောက်ရဦးမှာလည်း ဆိုတာလည်း တိတိကျကျ ဘာမှမပြောနိုင်။ ဒုက္ခပါပဲ။

၅။ မချစ်မနှစ်သက်တဲ့သူများနဲ့ အတူယှဉ်တွဲနေထိုင်ရခြင်း။(အပ္ပိယေဟိ သမ္ပယောဂေါ)

မကြည့်ချင်၊ မမြင်ချင်၊ မကြားချင်ပါဘူးဆိုပါမှ အဲ့ဒီယောက်ျား၊ အဲ့ဒီမိန်းမနဲ့ တွေ့နေရတယ်။ မြင်နေရတယ်။ ကြားနေရတယ်။ ဘယ်လောက်စိတ်ဆင်းရဲစရာကောင်းလိုက်ပါသလဲ။ ဒုက္ခ၊ ဒုက္ခ! ကြုံခဲ့ဖူးကြတယ် မဟုတ်ပါလား။

၆။ ချစ်လို့၊ ခင်လို့အမြဲအတူရှိချင်ပါတယ်ဆိုတဲ့ လူတွေ(ပိယေဟိ)နဲ့အတူ မနေရခြင်း (ဝိပ္ပယောဂေါ)ဆိုတာကလည်း တကယ့်ဒုက္ခပါပဲ။ ကျွန်မ ဒီဒုက္ခကို တကယ့်လက်တွေ့ဘဝမှာ ကြုံခဲ့ရဖူးလို့ ဘယ်လောက်စိတ်ဆင်းရဲရသလဲဆိုတာ ကောင်းကောင်းသိပါတယ်။ ကျွန်မ တစ်ချိန်တစ်ခါတုန်းက နိုင်ငံရပ်ခြား နှစ်ရှည်လများ စာသွားသင်ဖို့ ကြုံခဲ့တုန်းက လေးနှစ်နဲ့ ခြောက်နှစ်အရွယ်သာရှိသေးတဲ့ သားပေါက်စလေးနှစ်ယောက်ကို ဖေဖေ၊ မေမေတို့နဲ့ ထားခဲ့ပြီး ထွက်သွားခဲ့ရဖူးပါတယ်။ တွေးကြည့်မိရင် အခုထိ ရင်ထဲမှာ နာကျင်ရတုန်းပါ။

ပထမဒုက္ခလေးခုစလုံးက (မွေး၊ အို၊ နာ၊ သေ)အားလုံးက ကိုယ်နဲ့တိုက်ရိုက်သက်ဆိုင်တဲ့ ဒုက္ခတွေ၊ အခြေခံအကျဆုံး ဒုက္ခတွေ။ ဘယ်လိုမှ ရှောင်လွှဲလို့မရတဲ့ ဒုက္ခတွေပေါ့။ မွေးပါပြီဆိုကတည်းက အို၊ နာ၊ သေဆိုတာ တစ်ခါတည်း ကပ်ပါလာတာ။ ရှင်ဘုရင်ပဲဖြစ်နေဦးတော့ အို၊ နာ၊ သေကြုံရမှာမလွဲဧကန်ပါ။ သန်းကြွယ်သူဌေးကြီးပဲဖြစ်ဖြစ်၊ ဆင်းရဲသားပဲဖြစ်ဖြစ် ဘကြီး၊ ညာကြီးပဲဖြစ်ဖြစ် လူတိုင်းရှောင်လွှဲလို့မရတဲ့ သဘာဝတရားတွေပဲ မဟုတ်ပါလား။ ဘုရား၊ ရဟန္တာသော်မှ အိုရ၊ နာရ၊ သေကြရ(ပရိနိဗ္ဗာန်စံကြရ)တာပဲလေ။ ဘယ်သူလွတ်မှာလဲ။ ကျွန်မတို့အားလုံးကလည်း ကိုယ့်ကိုယ်ကိုယ် သိပ်ချစ်ကြတယ် မဟုတ်ပါလား။ ဒါ ခွဲတာပဲလေ။ ခွဲတာကို တစ်ချိန်ချိန်မှာ ဘယ်အချိန်လို့သာ မပြောနိုင်တာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အိုတာ၊ နာတာ၊ သေတာ ကြုံရမှာဆိုတော့ ဒုက္ခပါပဲ။

၇။ မြတ်စွာဘုရားရှင်က ကျွန်မတို့အားလုံး ကြုံကြရတဲ့ နောက်ထပ်ဒုက္ခတစ်ခုကိုလည်း ညွှန်ပြတော်မူခဲ့ပါတယ်။ အဲ့ဒါကတော့ ကိုယ်လိုချင်တဲ့အရာတစ်ခုမရရှိခြင်း(ယံပိစ္ဆံ နလဘတိ)ဖြစ်ပါတယ်။ ကျွန်မတို့တွေကလည်း တစ်ချိန်လုံးဟိုဟာလိုချင် ဒီဟာလိုချင်နဲ့ အမြဲလောဘတွေတက်နေတာ မဟုတ်ပါလား။ တိုက်တွေ၊ ကားတွေ၊ သက်မဲ့ပစ္စည်းတွေ လိုချင်ရတာနဲ့။ ဘကြီး၊ ညာကြီး၊ ရာထူးကြီးတွေ လိုချင်ရတာနဲ့။ ဟိုလူ့လိုချင်တာ ဒီလူ့လိုချင်ရတာနဲ့ ရှုပ်ယှက်ခတ်နေတာပဲ။ အဲ့ဒီလိုချင်တာတွေ(သက်ရှိ၊ သက်မဲ့)ကို ရရှိဖို့ဆိုတာလည်း ကြိုးစားလိုက်ရတာ ဒုက္ခပါပဲ။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့နေ

## ကန့်ဘလူ၌ မြို့နယ်အဆင့် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ကန့်ဘလူ စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြို့နယ်အဆင့် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၄ နာရီက မြို့မအားကစားကွင်း (ဘောလုံးကွင်း)၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်ဇော်ဦးက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဘောလုံးပြိုင်ပွဲကိုကျင်းပရာ ပြိုင်ပွဲဝင်အသင်းရှစ်သင်းကို အုပ်စုနှစ်စုခွဲ၍ အုပ်စု(A)မှ အ.ထ.က(၁)အသင်းနှင့် အ.ထ.က(ခွဲ)ညောင်အိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အ.ထ.က(၁)အသင်းက အ.ထ.က(ခွဲ)ညောင်အိုင်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲတွင် ဘောလုံး(ကျား)၊ ဘော်လီဘော(ကျား)၊ ပိုက်ကျော်ခြင်း(ကျား)၊ ပြေးခုန်ပစ်(ကျား၊ မ)၊ စားပွဲတင်တင်းနစ်(ကျား၊ မ)ပြိုင်ပွဲများကို စက်တင်ဘာ ၁၀ ရက်မှ ၁၇ ရက်အထိ သက်ဆိုင်ရာနေရာအသီးသီးတွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **(အောက်ပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## စပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းပွဲ ကျင်းပ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် သွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး နိုင်ဝင်းထွန်း၊ မြို့မရဲစခန်းမှ ဒုတိယရဲမှူး ကျော်ဇင်ထွေးတို့ ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်းနှင့် သတင်းရဲတပ်ဖွဲ့တို့မှ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၃၅ဦးတို့က ဆေးရုံဝင်းအတွင်းရှိ အမှိုက်များ လှည်းကျင်းခြင်းနှင့် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းစသည့် စပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသော အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ကြသည်။

ဆက်လက်၍ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်ဌာနတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင် သုံးဦးနှင့် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်လေးဦး စုစုပေါင်း ခုနစ်ဦးတို့က သွေးလှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုများ အဆင်ပြေစေရန်အတွက် ရဲမှူးနှင့် ဒုတိယရဲမှူးတို့က လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**သဲသဲ(ပြန်/ဆက်)**

## မကွေးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း ဖွင့်လှစ်

**မကွေး စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ် ဥပဒေရုံး၏ ကြီးကြပ်မှုဖြင့် သိင်္ဂါကီရိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးက ဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း(၁/၂၀၂၆)ကို မကွေးမြို့၊ သိင်္ဂါကီရိရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းတွင် ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ မကွေးမြို့နယ် ဥပဒေအရာရှိ ဦးအောင်မြတ်သူက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သိင်္ဂါကီရိရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွေးက တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူ ၁၅၀ဦး ခန့်အား သိသင့်သိထိုက်သည့် ဥပဒေပြဋ္ဌာန်းချက်များကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။



**မောင်နိုင်မင်း(ပြန်/ဆက်)**




### ဈေးချယ်ပေါင်းသင်းတတ်ပါစေ

* မိုးအေးအေး အတွေးဝင်
ရေးဖွဲ့ချင် လှသဘော။
ဟန်လုပ်ကာ မာန်တက်ကြွတယ်
ဘဝနစ်မျော။

* အပေါ်ယံ သကာနှော
နှုတ်အပြော မဆင်ခြင်
ကုန်းတိုက်ကာပင်။
အဟုတ်မှတ်လို့ နားထောင်လျှင်
စကားတွင် အနစ်ကင်းရှင်း။
ထိုပုဂ္ဂိုလ် ရှောင်ကြဉ်ရှားလို့
တို့များနေခြင်း။

* ဟန်နဲ့မာန် အတင်း၊ အဖျင်း
အတ္တကင်း ပရဆောင်
ထိုပုဂ္ဂိုလ် ထိုလူသား
ပေါင်းထား လူ့ဘောင်။
ရိုးသားမှု သူ့ဂုဏ်ရောင်
ညစ်နွမ်းအောင် သူ မလုပ်ဘူး။
ကောင်းမွန်ရာ လမ်းညွှန်ပြလို့
(ငါတို့ကွယ်)
သိကြအထူး ။

ဇေကျမ်းရွာကျောင်းအိုသား

## တိုင်းရင်းဆေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်

**တံတားဦး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် တိုင်းရင်းဆေးကုသခြင်း၏ အကျိုးကျေးဇူးများသိရှိစေရန် ရည်ရွယ်၍ ဈေးချိုကျေးရွာအုပ်စု၊ မြစ်သာရပ်အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများက ကျန်းမာရေးအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ဆေးကုသပေးခြင်းလုပ်ငန်းကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ဆေးကုသရေးအဖွဲ့မှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ပိုင်းမေက ကျန်းမာရေးနှင့်ပတ်သက်သည်များကို ဟောပြောသည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား တိုင်းဆေးပညာဖြင့် ကုသပေးကြပြီး လိမ်းဆေးနှင့်သောက်ဆေးပေးခြင်း၊ ရှောင်ကြဉ်သင့်သောအစားအစာများကို ပြောကြားခြင်းတို့ ဆောင်ရွက်ကြပြီး မြစ်သာအခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ၂၀ဦး၊ ကျောင်းသူ ၃၅ဦး၊ စုစုပေါင်း ၅၅ဦးတို့အား အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ရဲတင့်(ပြန်/ဆက်)**



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ လမ်း ၁၂၀ နေ ကျွန်ုပ်၏အမှုသည် ဦးတင်ထွန်းအောင်(ဘ)ဦးတင်မောင်မြင့်(ခ)ဦးဆွေမြင့် (၉/ခအဇ(နိုင်)၀၁၈၂၅၆) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးတင်ထွန်းအောင်သည် စီးပွားရေးနယ်ပယ်တွင်လည်းကောင်း၊ လူမှုရေးနယ်ပယ်နှင့် ပတ်ဝန်းကျင်တွင်လည်းကောင်း၊ ကောင်းသောဂုဏ်သတင်းဖြင့် ကောင်းမွန်စွာ ရပ်တည်နေထိုင်သူတစ်ဦး ဖြစ်ပါသည်။ မကြာသေးမီအချိန်က ကျွန်ုပ်အမှုသည်၏ ကောင်းသောဂုဏ်သတင်းအား ထိခိုက်နစ်နာစေမည်ကိုသိလျက်နှင့် အသရေပျက်စေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန်၊ လုပ်ငန်းများ ပျက်စီး၍ ထိခိုက်နစ်နာစေရန်၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် စသည်ဖြင့် ရည်ရွယ်၍ မဟုတ်မမှန်သောအကြောင်းအရာများကို လုပ်ကြံဖန်တီးကာ အင်တာနက် လူမှုဆက်သွယ်ရေးကွန်ရက် (Social Media) များဖြစ်သည့် Facebook, Messenger, Tik Tok, Telegram, Youtube စသည့် Platform စကြီးများပေါ်တွင် Post များ လွှင့်တင်ခြင်း၊ Chat box တွင် ရေးသားခြင်း၊ ထပ်ဆင့်ကူးယူဖော်ပြခြင်း (Repost) ၊ မျှဝေခြင်း (Share) စသည်ဖြင့် ပြုလုပ်နေကြကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည် ဦးတင်ထွန်းအောင်အား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ မမှန်မကန်ရေးသားပြောဆိုခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေခြင်း၊ အသရေပျက်ပြားစေခြင်းနှင့် လုပ်ငန်းများ ထိခိုက်နစ်နာစေခြင်း စသည်ဖြင့် ပြုလုပ်မှုများကို Post လွှင့်တင်ခြင်း၊ Chat ရေးသားခြင်း၊ ထပ်ဆင့်မျှဝေခြင်းနှင့် ကူးယူဖော်ပြခြင်း စသည်နည်းလမ်းဖြင့် ပြုလုပ်ဆောင်ရွက်ထားပါက အပြီးတိုင် ပယ်ဖျက်ပေးပါရန်၊ ထပ်မံပြုလုပ်ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ ဦးတင်ထွန်းအောင်အား နစ်နာစေရန် တမင်ရည်ရွယ်ပြီး ဆောင်ရွက်၊ ပြောဆို၊ လုပ်ကိုင်၊ ဖန်တီး၊ ရေးသားခြင်းများ မဖျက်သိမ်းဘဲ ဆက်လက်ပြုလုပ်ဆောင်ရွက်ကြောင်း စုံစမ်းတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ– | လွှဲအပ်ချက်အရ– |
|---|---|
| ဦးတင်ထွန်းအောင် | ဦးမင်းမင်းဦး (LL.B) |
| (ဘ)ဦးတင်မောင်မြင့် | တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၁၃၅/ ၂၀၁၆) |
| (ခ)ဦးဆွေမြင့် | (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ |
| (၉/ခအဇ(နိုင်)၀၁၈၂၅၆) | မန္တလေးမြို့။ |
| | ဖုန်း ၀၉–၇၈၉၁၁၄၄၅၂၊ ၀၉–၂၀၂၈၂၂၆ |

## အများသိစေရန် ကြေညာခြင်း

